# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၉)ရက် ၊ ကြာသပတေးနေ့ ၊ (6-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြခန်းအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တပေါင်းကွင်း၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုအဆင့် MSME ပြပွဲ၊ ပြိုင်ပွဲမှ အခွင့်အလမ်းကောင်းများ

ယခုနှစ် ၇၈ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်များနှင့် အခြားထုတ်ကုန်များ ခင်းကျင်းပြသ ရောင်းချပေးမည့်အပြင် ဂီတဖျော်ဖြေပွဲများ၊ ဒေသအလိုက် ရိုးရာအစားအစာများ တစ်နေရာတည်း စုံလင်စွာပြသ ရောင်းချမှုများပါ ထည့်သွင်းကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွင် ဝန်ကြီးဌာနအလိုက် ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ ပြခန်း၊ ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှု(B2B) ပြခန်း၊ နည်းပညာဆိုင်ရာပြခန်း၊ လယ်ယာထုတ်ကုန်နှင့်ပတ်သက်သော ပြည်တွင်းကုမ္ပဏီပြခန်း၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်း၊ အသင်းအဖွဲ့များ၏ပြခန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်း၊ ပြန်ကြားရေးရုံးခန်းစသည်ဖြင့် ပြခန်းပေါင်း ၉၅ ခန်း ပါဝင်ပြသရောင်းချပေးမည်ဖြစ်သည်။

ယခုကဲ့သို့ MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကို ပြည်ထောင်စုအဆင့် တစ်နေရာတည်း၌ သတ်မှတ်ကျင်းပပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းမှ MSME လုပ်ငန်းရှင်များအချင်းချင်းပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေမည်ဖြစ်သည်။ ထို့ပြင် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသက သိမြင်ဖြည့်ဆည်းလာနိုင်မည့် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာစေမည်ဖြစ်သည်။ မိမိလုပ်ငန်း၏အားသာချက်၊ အားနည်းချက်များကို တစ်နေရာတည်း၊ တစ်ထိုင်တည်း သိမြင်သွားစေရုံသာမက ပြပွဲ၊ ပြိုင်ပွဲအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် နည်းပညာဆိုင်ရာပြခန်းများ၏ အကျိုးပြုပေးမှုကြောင့် မိမိထုတ်ကုန်ကို ဒေသတွင်းအဆင့်မှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် Brand တစ်ခုအဖြစ်ပါ ထိုးဖောက်နိုင်မည့် အခွင့်အလမ်းနှင့်အတူ နည်းပညာ၊ အသိပညာ၊ ဗဟုသုတ၊ ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်များ စသည့်အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် ရရှိစေမည်ဖြစ်သည်။

ထို့ပြင် ပြည်သူများ၊ MSME လုပ်ငန်းကိုစတင်လိုသူများအတွက်လည်း MSME ဆိုင်ရာစီးပွားရေးဗဟုသုတများစွာရရှိမည့်အပြင် အမှန်တကယ်လုပ်ကိုင်သူများ၊ ဆက်စပ်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံရသည့်အတွက် အခွင့်အရေး၊ အခွင့်အလမ်း၊ အသိပညာ၊ နည်းပညာများ စုံလင်စွာရရှိမည်ဖြစ်သည်။ ယုတ်စွအဆုံး ယခုပြိုင်ပွဲ၏အကျိုးကျေးဇူးအဖြစ် မည်သူမဆို မိမိနိုင်ငံတွင်းရှိ တိုင်းရင်းသား ရိုးရာအစားအစာများကို တစ်နေရာတည်း၌ စုံလင်စွာသုံးဆောင်ဖူးမည်ဖြစ်သလို အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော ဒေသအသီးသီးမှ ပြည်တွင်းထုတ်ကုန်များကို တစ်ထိုင်တည်း သိမြင်လေ့လာဝယ်ယူနိုင်မည်ပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယခုကဲ့သို့ ပြည်ထောင်စုအဆင့် MSME ပြပွဲ၊ ပြိုင်ပွဲပြုလုပ်ပေးခြင်းသည် MSME စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာစီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းစေမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကိုလည်း စဉ်ဆက်မပြတ်မြှင့်တင်နိုင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်သစ်များ ပြည်တွင်း၌ အဆင့်မီမီသုံးစွဲလာနိုင်ရုံသာမက ပြည်ပသို့ပါ ဈေးကွက်မြှင့်တင်နိုင်မည်ဖြစ်သည်။ ပြပွဲလာပြည်သူများလည်း ဂီတဖျော်ဖြေပွဲကြည့်ရှုခံစားရင်း တိုင်းရင်းသားရိုးရာအစားအစာများ စုံစုံလင်လင်မြည်းစမ်းသုံးဆောင်နိုင်မှုတို့ကြောင့် တဒင်္ဂဘဝအမောများ ပြေစေရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပင် တိုးပွားလာစေနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီး အောင်မြင်ပါစေကြောင်း ကြိုဆိုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာလျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေ

**ရေဦး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၂၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ၈၃၆၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်မည့် တောင်သူများစွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်မည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးရံ့ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ပိဿာချိန် ၇၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့မှုအားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချမှုကောင်းခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်ယူမှုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူမှုကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖန်းခါးပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၆ လမ်း၊ ၃၈-၃၉ လမ်းကြားနေ ဦးထွန်းနိုင်(မွေးနေ့အထိမ်းအမှတ်)အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၃၉၇ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၁၆ ဧကနှင့် ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၁၄၂ ဧကနှင့် ဖူးစားပြောင်း ၆၂၅၅ ဧက စုစုပေါင်း ၇၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၁၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ပြောင်းသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် မိုင်းလွန်အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းလွန်အလယ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မိုင်းလွန်အလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၇၀ ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ရှမ်းရွာကြီးကျေးရွာ၌ အရှည် ပေ ၇၆၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေအနက်မှ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သူသူ



# မုံတိုင်ပင်ဆရာတော် (အပိုင်း- ၁)

ဗိုလ်ရှိတ်(ရတနာပူရ)

မုံတိုင်ပင်ဆရာတော်သည် ကုန်းဘောင်ခေတ်တွင် အလွန်ထင်ရှားသော ဆရာတော်ကြီးဖြစ်သည်။ အထူးသဖြင့် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ အထူး ထင်ရှားသည်။ အင်းဝ၊ အမရပူရ စသည့် မင်းနေပြည်တော်တို့တွင် စာသင်တိုက်ကြီးများတည်ထောင်ကာ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ဆရာတော်ကြီးဖြစ်သည်။ ရှင်ဘုရင်က ပေးသော မင်းဘွဲ့တံဆိပ်နှစ်ထပ်တိတိ ရရှိခဲ့သော ဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်သည် အင်းဝ၊ အမရပူရ မင်းနေပြည်တော်တို့တွင်သာမက ဇာတိ မုံတိုင်ပင်ရွာတွင်လည်း စာသင်တိုက်ကြီးတည်ထောင်ကာ စာပေပို့ချခဲ့သော ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်သည် စာပေကျမ်းဂန်များစွာကိုလည်း ပြုစုခဲ့သည်။ ဆရာတော်ပြုစုခဲ့သော ကျမ်းပေါင်း ၁၀၇ ကျမ်းတိတိ ရှာဖွေတွေ့ရှိထားသည်။

ဆရာတော်သည် ကုန်းဘောင်ခေတ်တွင် ထင်ရှားကျော်ကြားသော ဆရာတော်ကြီးဖြစ်သော်လည်း ဆရာတော်၏ဘဝအကြောင်းကို ပြည်ပြည့်စုံစုံ ပြုစုထားသည့် စာအုပ်စာတမ်းမရှိသေးပေ။ ရှိသမျှ စာအုပ်စာတမ်းတို့မှာလည်း လွဲလွဲချော်ချော်သာ များပေသည်။ ဆရာတော်၏မွေးဖွားနှစ်လွဲမှားခြင်း၊ မိခင်၊ ဖခင် အမည်လွဲမှားခြင်း၊ ဘွဲ့တံဆိပ်တော်များ လွဲမှားခြင်း၊ ပြုစုခဲ့သည့်စာပေများ လွဲမှားခြင်း စသည်ဖြင့် လွဲမှားမှုများစွာ ရှိခဲ့ပါသည်။

မုံတိုင်ပင်ဆရာတော်ကြီးကဲ့သို့ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးအကြောင်းကို လွဲလွဲမှားမှား ဖြစ်ရခြင်းကို စိတ်မသက်မသာ ဖြစ်မိပါသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ဇာတိ မုံတိုင်ပင်ရွာသို့ ကွင်းဆင်း လေ့လာခြင်း၊ မုံတိုင်ပင်ရွာရှိ ပေ၊ ပုရပိုက်များကို ရှာဖွေဖတ်ရှုပြီး၊ မုံတိုင်ပင်ဆရာတော် သီတင်းသုံးခဲ့သည့် အင်းဝ၊ အမရပူရ စသည့် နေရာများသို့ ကွင်းဆင်းလေ့လာခြင်း စသည်တို့ကို ပြုလုပ်ပြီး မုံတိုင်ပင်ဆရာတော်၏ ဘဝအကြောင်းကို အမှားမှ အမှန်ဖြစ်စေရန် လိုအပ်သည်ကို ပြည့်စုံအောင် ဖြည့်စွက်ပြီး မုံတိုင်ပင်ဆရာတော်၏အကြောင်းကို ရေးသားလိုက်ရသည်။

သက္ကရာဇ် ၁၁၀၂ ခုနှစ် သည် မုံတိုင်ပင်ဆရာတော်၏ ဖွားနှစ်မဟုတ်ပါ။ သာသနာပြု တစ်ကျိပ် နှစ်ပါးအဝင် မုံတောဆရာတော်ကြီး၏ ဖွားနှစ်သာဖြစ်သည်။ မုံတောဆရာတော်ကြီးနှင့် မုံတိုင်ပင်ဆရာတော်ကိုရောထွေး၍ မှားယွင်းခဲ့ခြင်းသာဖြစ်သည်။ သို့ဖြစ်သောကြောင့် သက္ကရာဇ် ၁၁၀၂၊ ၁၁၄၀၊ ၁၁၄၁ ဟူ၍ အမျိုးမျိုး ကွဲပြားသော်လည်း ဆရာတော်ကြီးကိုယ်တိုင်ရေးသားခဲ့သည့် သုံးပုံဟင်းလေးကျမ်းနိဂုံးအတိုင်း သက္ကရာဇ် ၁၁၄၀ပြည့်နှစ်သာ ဆရာတော်မွေးဖွားနှစ်ဖြစ်ကြောင်း အမှန်မှတ်သားရမည်ဖြစ်သည်။

**မိဘအမည်**

ဆရာတော်၏ မိဘအမည်ကို ကျမ်းအသီးသီးတွင် ပြည်စုံစွာဖော်ပြထားခြင်း မရှိပေ။ ဗိုလ်မှူးဘသောင်း ပြုစုသော စာဆိုတော်အတ္ထုပ္ပတ္တိကျမ်းတွင် ဖခင်အမည် ဦးဖျော် ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ အမိအမည်ကို ဖော်ပြမထားပေ။ ရွှေဥဒေါင်း၏ မြန်မာ့စာဆိုတော်များစာအုပ်တွင် ဦးပျော်ဟူ၍ တွေ့ရပြန်ပါသည်။ မုံတိုင်ပင် ဆရာတော်ကြီး၏ ဖခင်အမည်က ဦးဖျော်မဟုတ်သလို ဦးပျော်လည်း မဟုတ်ပါ။ မောင်ဖြိုးသာ အမှန်ဖြစ်ပါသည်။ ထိုအကြောင်းကို မုံတိုင်ပင်ဆရာတော်ကြီးကိုယ်တိုင် ရေးထိုးခဲ့သည့် သက္ကရာဇ် ၁၁၆၃ ခုနှစ်ထိုး မုံတိုင်ပင်ကျောင်း ခေါင်းလောင်းစာတွင် –

''သဒ္ဒါဗလဝ၊ အားကြီးလှ၍
ပုညစေမျိုး၊ စိုက်အံ့ကျိုသည်
မောင်ဖြိုးတွင်စွာ ၊ သံသရာက
ဟသံ်ာမောင်နှံ၊ ကဲ့သတံသို့
တူစံပေါင်ဘက်၊ ချရေစက်ကြောင့်
မပျက်ခုသာ၊ ကြိမ်ကျိုက်လှာ၍
သဒ္ဒါလွှင့်ငွ့်၊ ထောင်ချီးမြင့်သား
ပဋ္ဌင်မယ်တော်၊ ထက်ဝန်ကျော်လျက်
ခေါ်ရုံတဆင်၊ ရထိုက်သင်သ့်
မောင်ရှင်အဘွား၊ ဘုရားအမ
တွင်တတကြောင်း၊ ထပ်ဆင့်လောင်းသော်
ခေါင်းလောင်းတကာမ၊ မည်ထိုက်လှသား
နာမရွှန်ဝေ၊ မိလွန်ပြေနှင့် '' ဟူ၍
မိဘနှစ်ပါးအမည်မှာ ဦးမောင်ဖြိုးနှင့် ဒေါ်လွန်းပြေ ဖြစ်ကြောင်းရေးထိုးထားသည်။ ထို့ပြင် ဆရာတော်ကြီးကိုယ်တိုင်ရေးသားခဲ့သည့် ဆွေမျိုးဆက်လက်ာတွင်လည်း ခေါင်းလောင်းစာနှင့် ထပ်တူစွာပင် ''သဒ္ဒါဗလ၊ အားကြီးလှ၍၊ ပုညစေ့မျိုး၊ စိုက်အံ့ကြိုးသည်၊ မောင်ဖြိုးတွင်စွာ၊ သံသရာက၊ ဟသံ်ာမောင်နှံ၊ ကဲ့သဏ္ဌာန်သို့ တူစံပေါင်းဖက်၊ ချရေစက်ကြောင့် မပျက်ခုသား၊ ကြံကြိုက်လာ၍သဒ္ဒါလွှင်လွှင်၊ ကောင်းခြီးမြင်သား၊ ပဋ္ဌင်းမယ်တော်၊ ထက်ဝန်းကျော်လျက်၊ ခေါ်ရန်တဆင့်၊ ရထိုက်သင့်သည်၊ မောင်ရှင့်အဖွား၊ မည်ထင်ရှားလျက်၊ ဘုရားအမ ၊ တွင်ထတကြောင်း၊ ထပ်ဆင့်လောင်းသော်၊ ခေါင်းလောင်းဒကာမ၊ မည်ထိုက်လှသား၊ နာမရွှန်းဝေ၊ မယ်လွှမ်းပြေနှင့်" ဟူ၍ ရေးဖွဲ့ထားသည်။ သို့ဖြစ်သောကြောင့် မုံတိုင်ပင်ဆရာတော်၏ မိဘနှစ်ပါးအမည်မှာ ဦးမောင်ဖြိုးနှင့်ဒေါ်လွန်းပြေ ဖြစ်ကြောင်း တိတိကျကျ သိရသည်။

❖ မုံတိုင်ပင်ဆရာတော်သည် ကုန်းဘောင်ခေတ်တွင် အလွန်ထင်ရှားသော ဆရာတော်ကြီးဖြစ်သည်။ အထူးသဖြင့် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ အထူးထင်ရှားသည်။ အင်းဝ၊ အမရပူရ စသည့် မင်းနေပြည်တော်တို့တွင် စာသင်တိုက်ကြီးများ တည်ထောင်ကာ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ဆရာတော်ကြီးဖြစ်သည်။ ရှင်ဘုရင်ကပေးသော မင်းဘွဲ့တံဆိပ် နှစ်ထပ်တိတိ ရရှိခဲ့သော ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်သည် အင်းဝ၊ အမရပူရ မင်းနေပြည်တော်တို့တွင်သာမက ဇာတိ မုံတိုင်ပင်ရွာတွင်လည်း စာသင်တိုက်ကြီးတည်ထောင်ကာ စာပေပို့ချခဲ့သော ဆရာတော်ကြီးဖြစ်သည်။ ❖

**ငယ်နာမည်**

မုံတိုင်ပင်ဆရာတော်သည် စေ့စပ်သေချာသော ဆရာတော်တစ်ပါးဖြစ်သည်။ နောက်လူတို့ အမှတ်မမှားစေရန် သူ၏ငယ်နာမည်ကို ဆွေမျိုးဆက်လက်ာတွင် ထည့်သွင်းရေးဖွဲ့ထားပါသည်။ ဆွေမျိုးဆက်လက်ာ၌ '' ဂုဏ်အင်သတ္တိ၊ အထူးရှိ၍၊ အတိဇာတ၊ မည်ထိုက်လှသား၊ ဩဠ္ဌဇအက္ခရာ၊ ပထမာတွင်၊ ဩနှင့်ယှဉ်၍၊ လျှောင်နောက်ချုပ်၊ နိဂုံးအုပ်လျက်၊ မှည့်လုပ်နာမ ခေါ်တွင်ထ၏ '' ဟူ၍ ငယ်နာမည်ကို ဖွဲ့ဆိုထားသည်။ ထိုလက်ာအရ ဆိုရလျှင် ''ဩဠ္ဌဇ အက္ခရာ" ဟုဆိုထားရာ ဩဠ္ဌဇ အက္ခရာမှာ ''ပ၊ဖ၊ဗ၊ဘ၊မ၊ဝ၊ဥ၊ဦ၊ဩ" ဟူ၍ ကိုးလုံးရှိသည်။ ပထမဟု ဆိုသောကြောင့် အက္ခရာကိုးလုံးတွင် ပထမ အစဆုံး''ပ" ကို ယူရမည်။ 'ဩ' နှင့် ယှဉ်၍ ဟု ဆိုသောကြောင့် 'ပ' ကို ဩသရ နှင့် ယှဉ်သော် 'ပေါ' ဖြစ်သည်။'ဧ' လျှောင် နောက်ချုပ်" ဆိုသောကြောင့် ပေါကို ဧ နှင့်ပိတ်ပါက မုံတိုင်ပင်ဆရာတော်၏ ငယ်နာမည်မှာ မောင်ပေါဖြစ်ကြောင်း သိရသည်။ ထိုအတူ မုံတိုင်ပင်ရွာကျောင်း ခေါင်းလောင်းစာတွင်လည်း ''ဩဠ္ဌဇ အက္ခရာ၊ ပထမတွင်၊ ဩနှင့် ယှဉ်၍၊ လျှောင်နောချုပ်၊ နိဂုံအုပ်လျက်၊ မှည့်လုတ်နာမ ခေါ်တွင်ထ၏" ဟူ၍ ရေးဖွဲ့ထားပါသည်။

**ဆွေစဉ်မျိုးဆက်စာရင်း**

မုံတိုင်ပင်ဆရာတော်တွင် မွေးချင်းရှစ်ဦးရှိသည်။ မွေးချင်းရှစ်ဦးတွင် မုံတိုင်ပင်ဆရာတော်သည် တတိယမြောက်ဖြစ်သည်။ ဆရာတော်သည် တတိယမြောက်သားဖြစ်ကြောင်းကို ဆွေမျိုးဆက်လက်ာတွင် ''ဩရသဟု မောင်ဝတွင်ပြီး မောင်ပေါကြီးနှင့်၊ တသီးသည့်နောက်၊ သားတယောက်မူ၊ ကူကောက်ကျယ်စွာ၊ ဝဲသံသာမှ၊ နိဗ္ဗူတာခန်း ရောက်စိတ်လွမ်းသည်၊ ရဟန်းသိက္ခာ၊ ကျင့်အာစာနှင့်၊ ဘဂဝါ ဇိနော၊ သမ္ဗုဒ္ဓေါလျှင်၊ တယောပုတ္ထာ၊ ရွှေနူတ်လွှာဖြင့်၊ မိန့်မှာဟောမြွက်၊ သားသုံးချက်တွင်၊ ဂုဏ်အင်သတ္တိ၊ အထူးရှိ၍၊ အတိဇာတ၊ မည်ထိုက်လှသား၊ ဩဠ္ဌဇ အက္ခရာ၊ ပထမတွင်၊ ဩနှင့်ယှဉ်၍၊ လျှောင် နောက်ချုပ်၊ နိဂုံးအုပ်လျက်၊ မှည့်လုပ်နာမ၊ ခေါ်ထွင်ထ၏" ဟူ၍ ရေးဖွဲ့ထားသည်။

မုံတိုင်ပင်ဆရာတော်သည် သူ၏အထက်တွင် အစ်ကိုနှစ်ဦးရှိသလို သူ၏အောက်တွင် ညီမ ငါးဦးရှိသည်ကိုလည်း ဆွေမျိုးဆက်လက်ာ၌ ''သညာယဉ်နု၊ မိနှင်းပုနှင့်၊ ပေါင်းစုရည်စူး နှင်းဦး၊ နှင်းအိ၊ မည်ရှိ နှင်းကောင်း၊ ထပ်လောင်းအထွေး၊ မိနှင်းအေး၊ ဟုရွှေသွေးပမာ၊ဖွားပြည့်လှာသား၊ ပုတ္တာဓိတ ပေါင်းရှစ်ဝနှင့် ဟူ၍ ရေးဖွဲ့ထားသည်။ မုံတိုင်ပင်ဆရာတော်သည် သူ၏မွေးချင်းရှစ်ဦး၏ အမည်ကိုလည်း မုံတိုင်ပင်ကျောင်း ခေါင်းလောင်းစာ၌ ရေးထိုးထားသည်။

**ပေမူလာဆွေစဉ်မျိုးဆက်စာရင်း**

မုံတိုင်ဆရာတော်သည် သူ၏ဆွေစဉ်မျိုးဆက်ကို ဆွေမျိုးဆက်လက်ာ၊ မုံတိုင်ပင် ခေါင်းလောင်းစာတို့၌လည်းရေးထိုးထားသလို ပေတစ်ဆူတွင်လည်း သူ၏ ဆွေစဉ်မျိုးဆက်ကို မှတ်တမ်းတင်ထားခဲ့ဟန်တူပါသည်။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၂ရက်နေ့ ပေကူးသက္ကရာဇ်ပါသော မုံတိုင်ပင်ကျောင်းရှိ ပေမူတစ်ဆောင်တွင် မုံတိုင်ဆရာတော်၏ ဆွေစဉ်မျိုးဆက်ကို တွေ့ရသည်။ မူလ မုံတိုင်ပင်ဆရာတော်၏ရေးသားချက်ကို နောက်လူများက အစဉ်အဆက် မှတ်သားထားခဲ့ဟန်တူသည်။ ထိုပေမူ၌ တွေ့ရသော မုံတိုင်ပင်ဆရာတော်၏ ဆွေစဉ်မျိုးဆက်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဆရာတော်ကြီးဦးပေါ၏ မွေးဆက်
ဘုရားအမ မယ်သာ+လင် ဦးအုံး
၎င်းတို့မှ ဆင်းသက်လာသူများ
၁။ မယ်ငြိမ်းခိုင်
၂။ မယ်ငြိမ်းမြ
၃။ မယ်ငြိမ်းချမ်း
၄။ ဦးထွန်းကြွယ်
၅။ ဦးထွန်းပေါ
၆။ ဦးထွန်းဆိုင်
၇။ ဦးထွေး တို့ဖြစ်သည်။

၃။ မယ်ငြိမ်းချမ်း + လင် ဦးချစ်အို၊ ၎င်းတို့၏ သားသမီးများ
၁။ မယ်လွှမ်းပြေ
၂။ မယ်လွှမ်းရ
၃။ မယ်လွှမ်းမှန်
၄။ မောင်ဖိုးလုံ

၁။ မယ်လွှမ်းပြေ + လင် ဦးတက်ဖြိုး၊ ၎င်းတို့၏ သားသမီးများ
၁။ ဦးပေါ၀
၂။ ဦးပေါကြီး
၃။ ဦးပေါဧ
၄။ မယ်နှင်းပု
၅။ မယ်နှင်းဥ
၆။ မယ်နှင်းအိ
၇။ မယ်နှင်းကောင်း
၈။ မယ်နှင်းအေး ဟူ၍ ဖြစ်သည်။ ဤတွင် သတိပြုရန်မှာ ဆွေမျိုးဆက်လက်ာနှင့် ခေါင်းလောင်းစာတို့၌ မုံတိုင်ပင် ဆရာတော်၏ ဖခင်ကို မောင်ဖြိုးဟု တွေ့ရသော်လည်း ဤပေမူ၌ ဦးတက်ဖြိုးဟူ၍ တွေ့သည်။ နှစ်မျိုးခေါ်တွင်ဟန်ရှိသည်။ အလေးပေးမှတ်သားရမည်ဆိုပါက ခေါင်းလောင်းစာအတိုင်း မောင်ဖြိုးဟူ၍ မှတ်ထားသင့်သည်။ ပေမူတို့သည် အဆင့်ဆင့်ကူးမှုကြောင့် ကွဲလွဲမှုရှိလာနိုင်သည်။ ခေါင်းလောင်းစာမှာ မုံတိုင်ပင်ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်ကတည်းက ရေးထိုးထားသည့်အတိုင်း ပြောင်းလဲမှုမရှိသဖြင့် ပို၍ ခိုင်မာပေသည်။

**စာပေသင်ကြား**

မြန်မာမင်းများလက်ထက်က တစ်နိုင်ငံလုံးအတွက် ပညာရေးစနစ်သည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်သာဖြစ်သည်။ သာမန်ပြည်သူလူထုမှ ရှင်ဘုရင့် သားတော်၊ သမီးတော်များထိ ဘုန်းကြီးကျောင်းပညာရေးစနစ် အောက်တွင်သာ စာပေပညာသင်ကြားခဲ့ရသည်။ မင်းတုန်းမင်းကြီးသည်လည်း ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရသလို ကင်းဝန်မင်းကြီးဦးကောင်းသည်လည်း ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရသည်သာ ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် ထွန်းကားခဲ့သော ခေတ်ကာလတွင် မွေးဖွားသော မုံတိုင်ပင်ဆရာတော်လောင်းလျာ မောင်ပေါသည်လည်း ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရသည်။

မုံတိုင်ပင်ဆရာတော်၏ ငယ်စဉ်ကာလက ပညာသင်ပေးခဲ့သော ကံ့ကူလက်လှည့်ဆရာမှာ ထီးဆောင်းကုန်းဆရာတော် ဦးအာစရမ္ဘ ဖြစ်သည်။ ထီးဆောင်းကုန်းဆရာတော် ဦးအာစာရမ္ဘသည် မုံတိုင်ပင်ဆရာတော်၏ ကံ့ကူလက်လှည့် လက်ဦးဆရာဖြစ်ကြောင်းကို သုံးပုံဟင်းလေးကျမ်းနိဂုံး၌ ''အာစာရမ္ဘ၊ မည်ရတွင်ထူး၊ လက်ဦးဆရာ" ဟူ၍ ရေးဖွဲ့ထားသည်။ ဦးအာစာရမ္ဘသည် ထီးဆောင်းကုန်းဆရာတော်ဖြစ်ကြောင်းကိုလည်း ဂိုဏ်းသံဃာ ပို့မေတ္တာစာ၌ "ထီးဆောင်းဆရာအာစာရမ္ဘ" ဟူ၍ ရေးဖွဲ့ထားသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တမူးခရိုင်တွင် ဆောင်းနှမ်း ၂၄၂၆ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**တမူး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းနှမ်း ၂၄၂၆ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် နှမ်း ၂၄၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောဆောင်းနှမ်းစိုက်ခင်းများကို ၂၀၂၄ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၄၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၅၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဆောင်းနှမ်း ၂၄၂၆ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်းပြီးစီးမှု အနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၃ ဧက၊ တမူးမြို့နယ်တွင် ၃၅၆ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၃၈၇ ဧက စုစုပေါင်း ၂၄၂၆ ဧကတို့ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၁ ဧက၊ တမူးမြို့နယ်တွင် ဧက ၃၅၀နှင့် ခါမ်းပါတ်မြို့တွင် ဧက ၃၈၀ စုစုပေါင်း ၂၄၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံ နှမ်းများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ အနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

မောင်ပေါသည် ထီးဆောင်းကုန်းဆရာတော်ထံတွင် ပညာသင်ကြားခဲ့သလို တစ်ဖက်ကလည်း မိဘအလုပ်အကိုင်ဖြစ်သော ကျွဲကျောင်းခြင်း၊ ပေါင်းသင်ခြင်း၊ လယ်စောင့်ခြင်း အလုပ်များကို ကူလုပ်ခဲ့ရသည်။ အစ်ကိုများ၊နှမများနှင့်အတူ မိဘအလုပ်ကို ကူလုပ်ခဲ့ရသည်။ မောင်ပေါသည် ကျွဲကျောင်း၊ ပေါင်းသင်၊ လယ်စောင့်အလုပ်ကို ကူညီလုပ်ကိုင်ရသော်လည်း ပေ့ါပေ့ါနေသူတစ်ယောက် မဟုတ်ပေ။ ပေါ်ကြော့လုပ်နေသူလည်း မဟုတ်ပေ။ ပိဋကတ်စာပေများကို ကျွဲကျောင်း၊ ပေါင်းသင်ရင်း သင်ကြားခဲ့သည်။ ထိုအကြောင်းကို သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌–

''ပညာနုသေး၊ မောဟမေး၊ ရှေးရှေးငယ်သောအခါ
တရားကိုလျှင်၊ ချစ်ခုံမင်၊ သင်အံကျွဲပေါ်မှာ
နှမအများ၊ အတူသွား၊လယ်ကြားပေါင်းသင်ရာ
ထိုခါမပြတ်၊ သင်အံမှတ်၊ အားလပ်မနေပါ
ကျွဲကိုလည်းကျောင်း၊ ပေါင်းကိုလည်းသင်
လယ်စောင့်သွင်၊ သင်အံဆည်းပူးရှာ
မေ့မေ့လျော့လျော့၊ ပေါ့တော့တော့
ပေါ်ကြော့ မနေပါ" ဟူ၍ ရေးဖွဲ့ထားသည်။

**ဖွားမြင်ခြင်း**

မုံတိုင်ပင်ဆရာတော်လောင်းလျာကို မုံတိုင်ပင်ရွာ၌ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တော်သလင်းလဆန်း ၅ရက် ၊ ဗုဒ္ဓဟူးနေ့ (၁၇၇၈၊ ဩဂုတ် ၂၇) နံနက်နေတက် ၁ ချက်တီးကျော် ၂ ပါဒ် ၊ ၁၄ ဗီဇနာ၊ ၁ ပြန်ခရာ အချိန်တွင် ဖွားမြင်သည်။ ဆရာတော်သည် သူ၏မွေးဖွားနှစ်ကို သုံးပုံပဟင်းလေးကျမ်း ကျမ်းပြီး နိဂုံး၌–

'' ဇော်နှစ်လုံးနောက်၊ လျှောက်လေလေးခု
တည်မှုသုည၊ လုံးဧကတည့်
လမှာ တော်သလင်း၊ ဆန်ခြင်းငါးရက်
နံနက်အခါ၊ နေ့မှာဗုဒ္ဓဟူး
ဆန်းထူးနေတက်၊ တချက်တီးကျော်
ပါဒ်သော်နှစ်ပါဒ်၊ တဆယ့်လေးရပ်ဗီဇနာ
တပြန်ခရာပြည့်လျက်၊ ကန်,လဂ် တူစန်း
တခန်း မှတ်ရန်၊ ကန်နှင့် တြင်း
သိပ်ဟ်နဝင်းတည့်၊ စီးလျှင်းနက္ခတ်
ဆယ်သုံးရပ်တည့်၊ ပါဒ်ထက်လဂ်စီး
အပြီးခြောက်ဖဝါး၊ ရောက်ငြားတနာရီ
အချိန်ဤတွင်၊ ဖွားမြော်မြင်သည်၊
လူစင် ရဟန်းဖြစ်သတည်း" ဟူ၍ တိတိကျကျ မှတ်တမ်းတင်ထားသည်။

ထိုသို့ ဆရာတော်သည် သူ၏မွေးဖွားနှစ်ကို တိတိကျကျ မှတ်တမ်းတင်ထားသော်လည်း ၁၉၅၉ ခုနှစ်ထုတ် ဟံသာဝတီစာအုပ်တိုက်ထုတ် သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်းတွင် ဆရာတော်၏ ဖွားသက္ကရာဇ်ကို ၁၁၀၂ ခုဖွားဟု ဖော်ပြခဲ့သည်။ ၁၉၆၃ ခုနှစ် ဟံသာဝတီတိုက်ထုတ် သုံးပုံလှေကားနှင့် သုံးပုံတံတားကျမ်းတွင် ၁၁၄၁ ခုနှစ် ဟု ဖော်ပြထားပြန်ပါသည်။ ထိုစာအုပ်နှစ်အုပ်ကို ယခုအခါ စိတ်ကူးချိုချို စာအုပ်တိုက်က ပြန်လည်ရိုက်နှိပ်ထားသည်။ ထိုစာနှစ်အုပ်တွင်ဖော်ပြထားသော သက္ကရာဇ် ၁၁၀၂ ခုနှစ်နှင့် ၁၁၄၁ ခုနှစ်မှာ မှားယွင်းနေပါသည်။

## ဗလငါးတန် ဘဝအားမာန် ကာယဖွံ့ဖြိုး အားအင်တိုးမှ

- မျိုးစုံရောဂါ ကာကွယ်ကာဖြင့်
ကိုယ်မှာစွမ်းအား ဖွံ့သန်ထွား၍
ကြိုးစားအောင်မြင် လုပ်ငန်းတွင်၏။

- ဉာဏဖွံ့ဖြိုး သိဉာဏ်တိုးမှ
မျိုးစုံပညာ အဖြာဖြာကို
သင်ကာတတ်မြောက် ခရီးရောက်ကာ
လျှောက်လှမ်းဘဝ တောက်လျှမ်းပ၏။

- စာရိတ္တညီ ခိုင်မာတည်မှ
ကြံစည်တွေးဆ စောင့်သီလဖြင့်
ဘဝအောင်မြင် ခရီးစဉ်ဝယ်
အားအင်ပြည့်ဝ လျှောက်နိုင်ကြ၏။

- မိတ္တဗလ ပြည့်စုံမှသာ
အရာရာတွင် လုပ်ငန်းတွင်၍
ခင်မင်ပေါင်းသင်း မိတ်ဆွေရင်းဖြင့်
ကောင်းခြင်းရှေးရှု အောင်မြင်မှု။

- ဘောဂပြည့်စုံ ကုံလုံကြွယ်ဝ
စွမ်းစအင်အား စီးပွားတိုးကာ
ခိုင်မာဖွံ့ဖြိုး ဥစ္စာမျိုးကို
ပြည့်ရိုးမှန်က အောင်မြင်ရ၏။

- ကာယဉာဏ စာရိတ္တနှင့်
မိတ္တဘောဂ ပြည့်ကြွယ်ဝ၍
စွမ်းစစုံညီ မျိုးဂုဏ်ရည်ကို
ထုံကြည်စေမှု စွမ်းဆောင်ပြုကာ
မျက်ရှုရတနာ စွမ်းသန်ရာမှ
ညီညာကြိုးစား စုပေါင်းအားဖြင့်
ငါးတန်ဗလ အားမာန်ပြ။ ။

**မောင်လေပြေ(တောင်တွင်း)**

# နိုင်ငံတကာ သတင်းများ

## ဂါဇာကမ်းမြောင်ကို ရယူမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်နိုင်ငံ အနေဖြင့် ဂါဇာကမ်းမြောင်ဒေသကို လက်လွှဲရယူ၍ အရှေ့အလယ်ပိုင်း၏ ပြင်သစ်ရီဗီးယားနယ်မြေ အဖြစ် ပြောင်းလဲတည်ဆောက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပြုလိုက်သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် ပူးတွဲကျင်းပခဲ့သော အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အဆိုပါအဆိုပြုချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် ဂါဇာကမ်းမြောင်ဒေသကိုလက်လွှဲရယူ၍ ယင်းဒေသ၌ နေထိုင်သည့် ပါလက်စတိုင်းလူမျိုးများကို အခြားနိုင်ငံများသို့ ရွှေ့ပြောင်းနေရာချမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

ယင်းအပြင် ပျက်စီးနေသော ဂါဇာကမ်းမြောင်ဒေသကို ရှင်းလင်း၍ အရှေ့အလယ်ပိုင်း၏ ပြင်သစ်ရီဗီးယားနယ်မြေအဖြစ် ပြောင်းလဲတည်ဆောက်မည် ဖြစ်ကြောင်း ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရန့်၏ ဂါဇာကမ်းမြောင်အား အမေရိကန်နိုင်ငံ လက်လွှဲရယူရေးအဆိုပြုချက်ကို သမိုင်းအားပြောင်းလဲပစ်နိုင်သည့် အဆိုပြုချက်အဖြစ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက သုံးသပ်ခဲ့သည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အထက်ပါအဆိုပြုချက်ကို ပါလက်စတိုင်းခေါင်းဆောင်များနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများက ဝေဖန်ထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## မက္ကဆီကိုအစိုးရက အမေရိကန်နယ်စပ်အနီးသို့ တပ်ဖွဲ့ဝင်များ စတင်စေလွှတ်နေ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရယူထားနိုင်ခဲ့သော သဘောတူညီချက်အရ မက္ကဆီကိုအစိုးရက မြောက်ပိုင်းနယ်စပ်များဆီသို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ စတင်စေလွှတ်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

မက္ကဆီကိုမြောက်ပိုင်းနယ်စပ်များသို့တပ်ဖွဲ့ဝင်များစေလွှတ်ဖြန့်ကြက်မှုကို စတင်နေပြီဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်းဘောင်းက ဖေဖော်ဝါရီ ၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

မက္ကဆီကို ပို့ကုန်များအပေါ် အခွန်စည်းကြပ်မည့်အစီအစဉ်ကို အမေရိကန်အစိုးရက ဆိုင်းငံ့ပေးထားရန်နှင့်အပြန်အလှန်အနေဖြင့် မက္ကဆီကိုအစိုးရက မြောက်ပိုင်းနယ်စပ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန်လူဝင်မှုပြဿနာကို ထိန်းချုပ်ပေးရန် သမ္မတဒေါ်နယ်ထရန့်နှင့် သမ္မတ ကလော်ဒီယာရှိန်းဘောင်းတို့က ဖေဖော်ဝါရီ ၃ ရက်တွင် သဘောတူညီချက်ရယူထားသည်။

အဆိုပါ သဘောတူညီချက်အရ မက္ကဆီကိုနိုင်ငံသည် မြောက်ပိုင်းနယ်စပ်များသို့ မက္ကဆီကိုတပ်ဖွဲ့ဝင် ၁၀၀၀၀ထိ စေလွှတ်၍ နယ်စပ်လုံခြုံရေးတာဝန် ယူပေးရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ တပ်ဖွဲ့ဝင်များအနက် ရှေ့ပြေးတပ်ဖွဲ့ဝင်များမှာ အမေရိကန်နယ်စပ်အနီးရှိ တီဂျူယာနာမြို့နှင့် ဗီယူဒက်ဂျူအာရက်ဇ် မြို့များသို့ ရောက်ရှိနေပြီဖြစ်သည်။

မက္ကဆီကို နယ်စပ်မှတစ်ဆင့် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများနှင့် မူးယစ်ဆေးဝါးများ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်မှုကို တားဆီးထိန်းချုပ်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း မက္ကဆီကိုအစိုးရက ရေးယခင်ကပင် ကတိပေးထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ရုရှားနိုင်ငံထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်မျိုးကို စစ်ရေးလေ့ကျင့်မှု၌ ပထမဆုံးအကြိမ် အီရန်တပ်မတော်အသုံးပြု

**တီဟီရန် ဖေဖော်ဝါရီ ၅**

ယနေ့တွင် ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုတစ်ခုတွင် ရုရှားနိုင်ငံထုတ် တာဝေးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို အီရန်တပ်မတော်က ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်ရက်အကြာတွင် အဆိုပါစစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း အီရန်လက်နက်ကိုင်တပ်များက ပြည်တွင်းဖြစ် လေကြောင်းရန်ကာကွယ်ရေးစနစ် ဖြစ်သည့် ဘာဗာ- ၃၇၃ လေကြောင်းရန် ကာကွယ်ရေးစနစ်၊ ရုရှားနိုင်ငံထုတ် အက်ဖ် ၃၀၀ လေကြောင်းရန်ကာကွယ်ရေး စနစ်များကို အသုံးပြု၍ ဝေဟင်ပစ်မှတ်တုများကိုဖျက်ဆီးခဲ့ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နိုင်ငံကို နျူကလီးယားလက်နက်တည်ဆောက်ထုတ်လုပ်ခွင့်ပေးမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုတို့က ဖေဖော်ဝါရီ ၄ ရက် ဆွေးနွေးပွဲတွင် သဘောတူထားသည်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းအတွင်း အစ္စရေးနှင့် အီရန်နိုင်ငံတို့သည် တစ်ဖက်နှင့်တစ်ဖက် စစ်ရေးအရ အပြန်အလှန်တိုက်ခိုက်မှုများကို အကန့်အသတ်ဖြင့် ပြုလုပ်ခဲ့ကြသည်။

အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံနှင့်သာမက အမေရိကန်နိုင်ငံနှင့်လည်း ဆက်ဆံရေးတင်းမာနေသည့်အရှေ့အလယ်ပိုင်းဒေသနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ ပြည်ပခရီးသွား ၂၅ သန်းကျော် ဝင်ရောက်ခဲ့

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၅**

၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည် ၂၅ သန်းကျော်ဝင်ရောက်ခဲ့ကြောင်း မလေးရှား ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ယနေ့တွင်ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ ဝင်ရောက်လာသော ပြည်ပခရီးသွား ဧည့်သည်အရေအတွက်မှာ ၂၅၀၁၆၆၉၈ ဦးထိ ရောက်ရှိခဲ့ကြောင်း မလေးရှားအစိုးရကိန်းဂဏန်းများတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွားအရေအတွက်မှာ ၂၀၂၃ ခုနှစ်ကထက် ၂၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း မလေးရှား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။



နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ ဝင်ရောက်ခဲ့သော နိုင်ငံတကာခရီးသည်အရေအတွက်မှာ ၂၀၁၄၁၈၄၆ ဦးထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ အများဆုံးလာရောက်ခဲ့သော ပြည်ပခရီးသည်များမှာ စင်ကာပူ နိုင်ငံသားများဖြစ်ပြီး ၉ ဒသမ ၁ သန်းထိ ဝင်ရောက်ခဲ့သည်။

ဒုတိယအများဆုံးဝင်ရောက်သူများမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး တတိယအများဆုံး ဝင်ရောက်ခဲ့သူများမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း မလေးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**Ref : Xinhua**

**Trs : KKO**

## အလုပ်သမားများ၏ ရက်သတ္တပတ်အလုပ်ချိန်ကို လျှော့ချပေးရန် စပိန်အစိုးရသဘောတူ

**မက်ဒရစ် ဖေဖော်ဝါရီ ၅**

အလုပ်သမားများ၏ရက်သတ္တပတ်အလုပ်ချိန်ကို ၃၇ ဒသမ ၅ နာရီသို့ လျှော့ချပေးရန် စပိန်အစိုးရက ဖေဖော်ဝါရီ ၄ ရက်တွင် သဘောတူခဲ့ကြောင်း သိရသည်။

အလုပ်ရှင်အသင်းအဖွဲ့များက ကန့်ကွက်နေသည့်တိုင် အလုပ်သမားများ၏ ရက်သတ္တပတ်အလုပ်ချိန်ကို ၃၇ ဒသမ ၅ နာရီသို့ လျှော့ချပေးရန် စပိန်အစိုးရက သဘောတူခဲ့ခြင်းဖြစ်သည်။

စပိန် အလုပ်သမားများ၏ လက်ရှိ ရက်သတ္တပတ်အလုပ်ချိန်မှာ နာရီ ၄၀ ထိ ရှိသည်။

ဖေဖော်ဝါရီ ၄ရက်တွင် ကျင်းပခဲ့သည့် အစိုးရအဖွဲ့ အပတ်စဉ်ဆွေးနွေးပွဲတွင် အလုပ်သမားများ၏ ရက်သတ္တပတ်အလုပ်ချိန်လျှော့ချပေးရေးအဆိုကို အစိုးရအဖွဲ့ဝင်များက သဘောတူခဲ့ကြောင်း စပိန်အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် အလုပ်သမားများ၏ ရက်သတ္တပတ်အလုပ်ချိန်လျှော့ချရေးအဆိုပြုချက်ကို လက်တွေ့ကျင့်သုံးရန် စပိန်လွှတ်တော်၏ သဘောတူညီချက် ရယူရန်လိုအပ်သည်။

အလုပ်သမားများ၏ ဘဝပိုမိုကောင်းမွန်ရေးနှင့် ကုန်ထုတ်လုပ်မှု ထိရောက်အားကောင်းလာစေရေးအတွက် အလုပ်သမားများ၏ ရက်သတ္တပတ် အလုပ်ချိန်ကို လျှော့ချပေးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း စပိန်အစိုးရက ပြောကြားထားသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## မက်ဆာဂြိုဟ်တုနည်းပညာကုမ္ပဏီ၏ ကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်



ဝါရှင်တန် ဖေဖော်ဝါရီ ၅

မက်ဆာဂြိုဟ်တုနည်းပညာ ကုမ္ပဏီ၏ ကမ္ဘာ့ဂြိုဟ်လေ့လာရေး ဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီက ဖေဖော်ဝါရီ ၄ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

World View-5 နှင့် World View-6 ဟူ၍ အမည်ပေးထားသည့် အဆိုပါမက်ဆာဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် စီစဉ်ထားသည့်အတိုင်း ကနေဒီအာကာသစခန်း အနီးရှိ ကိပ်ကာနေဗာရယ် အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၄၉ မိနစ်အကြာတွင် World View-5 ဂြိုဟ်တုကို ပတ်လမ်းပေါ်တင်ပေးခဲ့ပြီး နောက်တစ်နာရီခန့်အကြာတွင် World View-6 ဂြိုဟ်တုကို ပတ်လမ်းပေါ်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

World View ဂြိုဟ်တုမစ်ရှင်သည် Space-X ကုမ္ပဏီက ဖေဖော်ဝါရီ ၄ ရက်တွင် လွှတ်တင်ခဲ့သည့် ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်ကို မလွှတ်တင်မီ Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Lunar Trailblazer လလေ့လာရေးအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ရန် နာဆာစီစဉ်

ဝါရှင်တန် ဖေဖော်ဝါရီ ၅

Lunar Trailblazer အမည်ရှိ လလေ့လာရေးအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် လွှတ်တင်ရန် အမေရိကန် အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၄ ရက်သတင်းများအရ သိရသည်။



ဖယ်လ်ကွန်-၉ ဒုံးပျံသည် Intuitive Machines ကုမ္ပဏီ၏ အေသီနာ လဆင်းယာဉ်နှင့်အတူ Lunar Trailblazer အာကာသယာဉ်ကိုပါ ဖေဖော်ဝါရီ ၂၆ ရက်တွင် သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Lunar Trailblazer အာကာသယာဉ်ကို ကယ်လီဖိုးနီးယားနည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များနှင့် နာဆာတို့က ကြီးကြပ်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးပါက Lunar Trailblazer အာကာသယာဉ်သည် လပေါ်ရှိ ရေဓာတ်များကို အဓိကရှာဖွေမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အလေးချိန် ကီလိုဂရမ် ၂၀၀ ရှိသော Lunar Trailblazer အာကာသယာဉ်ကို လော့ဟိမာတင်ကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်သည်။

Lunar Trailblazer အာကာသယာဉ်သည် လမျက်နှာပြင်ပေါ်ရှိ အမြဲတမ်း မှောင်ရိပ်ကျနေတတ်သောနယ်မြေများ၌ ရေဓာတ် ရှိမရှိ အဓိကထား လေ့လာမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Sputnik News
Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Shepard ဒုံးပျံကို ဖေဖော်ဝါရီ ၄ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံကို ဖေဖော်ဝါရီ ၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် အဆိုပါ New Shepard ဒုံးပျံကို တက္ကဆက်ပြည်နယ် အနောက်ပိုင်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ခုနစ်မိနစ်ခန့် အကြာတွင် New Shepard ဒုံးပျံ၏ ပင်မဒုံးယာဉ်မှာ မြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

New Shepard ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ ပင်မဒုံးယာဉ်မှ အောင်မြင်စွာခွဲထွက်ခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာနှင့် အာကာသဟင်းလင်းပြင်အနားစပ်သို့ ဆက်လက်ပျံသန်း၍ လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို အောင်မြင်စွာ စမ်းသပ်ဖန်တီးခဲ့သည်ဟု ဘလူးအော်ရီဂျင် ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

NS-29 ဟူ၍ အမည်ပေးထားသော အဆိုပါ New Shepard ဒုံးပျံမစ်ရှင်သည် လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို စမ်းသပ်ဖန်တီးရေးအတွက် လွှတ်တင်ခဲ့သောမစ်ရှင်ဖြစ်ပြီး ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသွားခြင်းမရှိကြောင်း သိရသည်။

New Shepard ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို ဖန်တီးခဲ့ပြီးနောက် ၁၀ မိနစ်အကြာတွင် လေထီးများ အကူအညီဖြင့် တက္ကဆက်ပြည်နယ် အနောက်ပိုင်း သဲကန္တာရဒေသ၌ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆေးလိပ်မသောက်သူများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်လာ

ဂျီနီဗာ ဖေဖော်ဝါရီ ၅

ဆေးလိပ်မသောက်သူများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ဖေဖော်ဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးလုံးဝသုံးစွဲဖူးသူများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ကမ္ဘာ့တစ်ဝန်း အဆုတ်ကင်ဆာဖြစ်ပွားမှုများ၏ ငါးပုံတစ်ပုံထိရှိလာကြောင်း WHO ၏ အဆိုအရ သိရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးလုံးဝမသုံးစွဲသူများ ဖြစ်ပွားတတ်သည့် အဆုတ်ကင်ဆာရောဂါအမျိုးအစားလေးမျိုးအနက် Adenocarinoma အဆုတ်ကင်ဆာသည် အဖြစ်အများဆုံး အဆုတ်ကင်ဆာဖြစ်ကြောင်း နိုင်ငံတကာ ကင်ဆာရောဂါ သုတေသန အေဂျင်စီ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီး လုံးဝသုံးစွဲသူများကြား အဆုတ်ကင်ဆာဖြစ်ပွားမှု မြင့်တက်လာခြင်းသည် လေထုညစ်ညမ်းမှုပြဿနာအပါအဝင် အခြားအကြောင်းအရာများနှင့်ဆက်စပ်နေနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော Adenocarinoma အဆုတ်ကင်ဆာရောဂါဖြစ်စဉ်များအနက် ၂၀၀၀၀၀ ခန့်မှာ လေထုညစ်ညမ်းမှုနှင့် ဆက်စပ်နေကြောင်း နိုင်ငံတကာ ကင်ဆာရောဂါသုတေသန အေဂျင်စီ၏အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## အိုမီဂါ-၃ အားဖြည့်ဆေး တစ်နေ့တစ်လုံးသောက်ပါက ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချနိုင်

ဘန်း ဖေဖော်ဝါရီ ၅

အိုမီဂါ-၃ အားဖြည့်ဆေး တစ်နေ့တစ်လုံး ပုံမှန်သောက်ပါက ဇီဝသက်တမ်း အိုမင်းမှုအရှိန်ကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း ဖေဖော်ဝါရီ ၄ ရက်သတင်းများအရ သိရသည်။

လူတို့၏ ကာလသက်တမ်း (Chronological age)သည် လူသားများ အသက်ရှင်နေထိုင်ခဲ့ရသည့် နေ့ရက်အရေအတွက်ကို ကိုယ်စားပြုပြီး ဇီဝသက်တမ်း (Biological age)ကမူ ဆဲလ်များ၏ သက်တမ်းအိုမင်းလာမှုကို ရည်ညွှန်းကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိုမီဂါ-၃ ဖြည့်စွက်ဆေးများ တစ်နေ့တစ်လုံး ပုံမှန်သောက်သုံးပါက ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှုအရှိန်ကို လျှော့ချနိုင်ကြောင်း သိရသည်။

ဆွစ်ဇာလန် သုတေသနပညာရှင်များသည် အိုမီဂါ-၃ ဖက်တီးအက်စစ်၏ အာနိသင်ကိုဆန်းစစ်ရေးအတွက် အသက် ၇၀ အထက် လူပေါင်း ၇၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိုမီဂါ-၃ တစ်ဂရမ်ကို နေ့စဉ်ပုံမှန်သောက်သုံးသူများ၌ ဆဲလ်များ၏ ဇီဝသက်တမ်းမှာ လေးလကျော်ထိ ပြန်လည်နုပျိုသွားတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အယ်ဖွန်ဆိုဒေးဗစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မြူးနစ် ဖေဖော်ဝါရီ ၅**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဘာစီလိုနာအသင်းတို့က ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ အယ်ဖွန်ဆိုဒေးဗစ်သည် ၂၀၁၉ ခုနှစ်ကတည်းက ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂၀ တွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၃၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပအကောင်းဆုံး ဘယ်တောင်ပံခံစစ်ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီသည် စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိလာသော်လည်း ကစားသမားအနေဖြင့် သက်တမ်းတိုးရန် ဆန္ဒမရှိသဖြင့် ရီးရဲလ်မက်ဒရစ် အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရခဲ့သည်။

စာချုပ်သက်တမ်း နောက်ဆုံးချိန်သို့ ရောက်ရှိနေသည့် အယ်ဖွန်ဆိုဒေးဗစ်ကို ရီးရဲလ်မက်ဒရစ်အပြင် ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန်ကမ်းလှမ်းမှုပြုလုပ်နေသောကြောင့် ဘိုင်ယန်မြူးနစ်အသင်း တာဝန်ရှိသူများက ၎င်းနှင့် ဆွေးနွေးမှုများထပ်မံပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် နောက်ထပ် သက်တမ်းငါးနှစ်တိုးရန်ဆုံးဖြတ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အယ်ဖွန်ဆိုဒေးဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ပွဲကစားခွင့်လျော့နည်းခဲ့သော်လည်း ပြိုင်ပွဲစုံ ၁၆ပွဲထိ ပါဝင်ကစားနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ အသင်းကိုလည်း အမှတ်ပေးဇယား အဆင့်(၁)နေရာသို့ ရောက်ရှိအောင် ပါဝင်ကူညီနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Bundesliga.com**

**Trs : ML**



## ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ၅၀ နှစ်အတွင်း ပထမဆုံးအကြိမ် ဘိုလော့နာအသင်းတက်ရောက်



**ရောမ ဖေဖော်ဝါရီ ၅**

ဘိုလော့နာအသင်းသည် ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အတ္တလန်တာအသင်းနှင့် ကစားခဲ့ရာ တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ပေါင်း ၅၀ နှစ်အတွင်း ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။

ဘိုလော့နာအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲကစားခဲ့ရာ တစ်ပွဲသာအနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၂၈) တွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း ကိုပါအီတာ လီယာဖလား ပြိုင်ပွဲတွင် ခြေစွမ်းပိုင်းထက်မြက်နေသည့် အတ္တလန်တာအသင်းကို အဝေးကွင်းမှ နိုင်ပွဲရယူ၍ ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘိုလော့နာအသင်းသည် ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် မွန်ဇာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ယခုပွဲစဉ်တွင် အတ္တလန်တာအသင်းနှင့် တွေ့ဆုံခဲ့ရာ ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း အပြန်အလှန်ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် မိနစ် ၈၀ အရောက်တွင် လူစားဝင်တိုက်စစ်မှူး ကက်စထရိုက အသင်းအတွက် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ၅၀ နှစ်အကြာမှ ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဘိုလော့နာ အသင်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင်ကစားမည့် အခြားကွာတား ဖိုင်နယ်ပွဲစဉ်မှ ဂျူဗင်တပ်အသင်းနှင့် အမ်ပိုလီအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာမည့်ဧပြီ ၃ ရက်တွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်အဖြစ် ထိုင်းလူမျိုးနည်းပြ Pattaya Piemkumကို ခန့်အပ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ထိုင်းလူမျိုးနည်းပြ Pattaya Piemkum ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

အစောပိုင်းကတည်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြအဖြစ် ထိုင်းလူမျိုးနည်းပြ တစ်ဦးပင်ဖြစ်သည့် ဘန်လက်ခ်ကို ခန့်အပ်ခဲ့သော်လည်း ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၅ အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအပြီးတွင် နှစ်ဖက်သဘောတူညီ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် နည်းပြနေရာအတွက် လစ်လပ်နေခြင်းဖြစ်သည်။

အသက် ၅၆ နှစ်ရှိ နည်းပြမစ္စတာ Pattaya Piemkum သည် ထိုင်းလက်ရွေးစင် ဖူဆယ်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး AFC Futsal Level 3 နည်းပြတစ်ဦး ဖြစ်သည်။

Pattaya Piemkum သည် နည်းပြဘဝတွင် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူစသည့် လက်ရွေးစင်အသင်းများနှင့် ထိုင်းဖူဆယ်ကလပ်အသင်းများကို ကိုင်တွယ်ထားသည့် နည်းပြတစ်ဦးဖြစ်ပြီး မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ၂၀၂၅ ဆီးဂိမ်းနှင့် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်၊ AFC အာရှဖလား ဖူဆယ်ခြေစစ်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။ **STA**




## အားကစားသတင်းအတိုအထွာများ

- ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် အော့စ်ဘတ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်စတုဂတ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။
- ပရီးမီးယားလိဂ်ကလပ်အသင်းများ ဇန်နဝါရီအပြောင်းအရွှေ့ကာလ အသုံးစရိတ်အများဆုံးအသင်းများတွင် မန်စီးတီးအသင်းက စတာလင်ပေါင် သန်း ၁၈၀ ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်းနောက်တွင် ဝုဗ်အသင်းက ၄၂ သန်းဖြင့် အဆင့်(၂)၊ ဘရိုက် တန်အသင်းက ၄၁ သန်းဖြင့် အဆင့်(၃)၊ အေဗီလာအသင်းက ၃၂သန်းဖြင့်အဆင့်(၄)၊ မန်ယူအသင်းက ၂၇ သန်းဖြင့် အဆင့်(၅) နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။
- ဆောက်သမ်တန်အသင်းမှ တိုက်စစ်မှူး အမ်းစတောင်းကို ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းက ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ **ML**

## တင်းနစ်လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်း ဆီမိုနာထုတ်ပြန်

**ဘူခါရက်စ် ဖေဖော်ဝါရီ ၅**

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်းဖြစ်သူရိုမေးနီးယားတင်းနစ်မယ်ဆီမိုနာသည် တင်းနစ်လောကမှအနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဆီမိုနာသည် ဒူးဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲဝင်ရန်အခက်အခဲရှိနေပြီး လိုအပ်သောဆေးကုသမှုများ ပြုလုပ်ခဲ့သော်လည်း ပြိုင်ပွဲပြန်ဝင်နိုင်လောက်သည်ထိ ပျောက်ကင်းသက်သာခြင်းမရှိ၍ ကစားသမားဘဝမှ အနားယူသွားရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဆီမိုနာသည် ၂၀၂၄ ခုနှစ်တွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသူဖြစ်သည်။

တားမြစ်ဆေးဝါး သုံးစွဲမှုနှင့်ပတ်သက်ပြီး လေးနှစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော်လည်း ရည်ရွယ်ချက်ရှိရှိသုံးစွဲခဲ့ခြင်း မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ လေးနှစ်ပွဲပယ်ပြစ်ဒဏ်မှ ကိုးလပွဲပယ်ပြစ်ဒဏ်သာချမှတ်ခံရကြောင်း ကမ္ဘာ့အားကစားခုံသမာဓိရုံးက ဆုံးဖြတ်ခဲ့သည်။

ဆီမိုနာက “ကျွန်မသေသေချာချာစဉ်းစားခဲ့ပြီးမှ အခုလိုတင်းနစ်လောက ကနေအပြီးတိုင်အနားယူဖို့ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လဲ မကြာခဏဆိုသလို တင်းနစ်ကစားတာ တွေကိုတော့ ပြုလုပ်သွားမှာဖြစ်ပါတယ်။တင်းနစ်ကွင်းထဲကို မကြာမကြာပြန်ဝင်လာမှာပါ။ ဝါသနာအရကစားတာမျိုးပါပဲ။ ပြိုင်ပွဲဝင်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ပြိုင်ပွဲဝင်ဖို့အတွက် လိုအပ်တဲ့ အရာတွေနဲ့ မပြည့်စုံတော့တဲ့အတွက်ကြောင့် ပရော်ဖက်ရှင်နယ်တစ်ယောက်အနေနဲ့ ဆက်လက်ကျင်လည်သွားဖို့က ဘယ်လိုမှမဖြစ်နိုင်တော့လို့ပါ။ တင်းနစ်လောကမှာကျင်လည်ခဲ့တဲ့ ကာလတစ်လျှောက် ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်ခွင့်ရခဲ့သလို ဂရန်းစလန်းဆုဖလားတွေလဲ ဆွတ်ခူးနိုင်ခဲ့တာဟာ အမြဲတမ်းအမှတ်ရနေမဲ့အဖြစ်အပျက်တွေပါ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၀) ဆက်လက်ကျင်းပ
# TG United အသင်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင် ကျင်းပခဲ့ရာ TG United အသင်း နိုင်ပွဲရရှိခဲ့ပြီး ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် နံနက် ၈နာရီခွဲက KKY FC အသင်းနှင့် 7 Brother FC အသင်းတို့ ကစားခဲ့ရာ 7 Brother FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀နာရီက Maryar FC အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာGold Dream FC အသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁နာရီခွဲက YCDC Marga Youth FCအသင်းနှင့် JZ Young FC အသင်းတို့ ကစားခဲ့ရာ YCDC Marga Youth FCအသင်းက သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက Pacific Sun Far FC အသင်းနှင့် Let Wel Thone Nara FC အသင်းတို့ကစားခဲ့ရာPacific Sun Far FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲက Shwe Pyi Thar United အသင်းနှင့်TG Unitedအသင်းတို့ ကစားခဲ့ရာTG Unitedအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄နာရီက Black Cross FC အသင်းနှင့် 7 Dragon FC အသင်းတို့ကစားခဲ့ရာBlack Cross FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် TG United အသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၆မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက် ရှိနေကြောင်း သိရသည်။ STA

# မြန်မာ့လက်ရွေးစင်ယူ-၂၂အသင်း၊ ယူ-၁၉အသင်းတို့ နည်းပြသစ်များ အသီးသီးခန့်အပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်ယူ-၂၂ အသင်းနှင့် ယူ-၁၉ အသင်းတို့အတွက် နည်းပြသစ်များကိုအသီးသီးခန့်အပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ ဘောလုံးအသင်း နည်းပြအဖြစ် အသက် ၅၆ နှစ်ရှိ ဂျပန်လူမျိုး မစ္စတာ Hisashi kurosaki အား တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့သည်။

Hisashi kurosaki သည် ၁၉၈၉ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ ဂျပန်လက်ရွေးစင်ကစားသမားဟောင်း တစ်ဦးဖြစ်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ် Pro လိုင်စင်နှင့် JFA Coach (Level S)လိုင်စင်ရနည်းပြ တစ်ဦးဖြစ်သည်။

Hisashi kurosakiသည် ပရော်ဖက်ရှင်နယ် ကစားသမားအဖြစ် ကာရီးမားအန်တလာ အသင်းတွင် ၁၄၄ ပွဲ ကစားကာ ၄၈ ဂိုး သွင်းယူနိုင်ခဲ့ပြီး အခြားသောဂျေလိဂ်အသင်းများတွင်လည်း ကစားခဲ့ကာ နည်းပြဘဝတွင် ဂျေလိဂ်ကလပ် Albirex Niigata အသင်း၊ တရုတ်စူပါလိဂ်ကလပ် Qingdao West Coast စသည့် အသင်းများအပြင် ဂျပန်ကလပ် ကာရီးမားအန်းတလားစ် အသင်းတွင်လည်း အကယ်ဒမီ၊ လူငယ်အသင်းများ၊ စီနီယာအသင်းတို့ကို နည်းပြချုပ်အဖြစ်ကိုင်တွယ်ခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသား ယူ-၁၉ အသင်း နည်းပြအဖြစ် အသက် ၄၆ နှစ်ရှိ မစ္စတာ Ryuji suekoaအား နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခြင်းဖြစ်ပြီး နည်းပြ Ryuji suekoaသည် ကစားသမားဘဝတွင် စင်ကာပူ၊ ထိုင်းစသည့် အရှေ့တောင်အာရှကလပ်များနှင့် အိန္ဒိယကလပ်အသင်းများတွင် ကွင်းလယ်နှင့် တိုက်စစ်မှူးအဖြစ် ကစားခဲ့သူဖြစ်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ် Pro လိုင်စင်ရနည်းပြတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ STA

# ခံစစ်ကစားသမားဒရာဂူဆင် အရွတ်ထိခိုက်ဒဏ်ရာကြောင့် ရာသီကုန်ထိအနားယူရမည်ဟု စပါးအသင်းထုတ်ပြန်



လန်ဒန် ဖေဖော်ဝါရီ ၅

ပြီးခဲ့သည့် ဇန်နဝါရီ ၃၀ ရက်က ယူရိုပါလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အက်ဘော့ဒ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒရာဂူဆင်သည် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အရွတ်ထိခိုက်ခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ အနားယူရတော့မည်ဖြစ်ကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။

ခံစစ်ကစားသမား ဒရာဂူဆင်သည် စပါးအသင်းဗဟိုခံစစ်ပိုင်းတွင် ဗန်ဒီဗန်၊ ရိုမီယိုတို့ဒဏ်ရာရရှိနေသောကြောင့် ဗဟိုခံစစ်တွင် အာဂျီဂရေး၊ ဒေးဗစ်တို့နှင့် တွဲဖက်ကစားနေရပြီး အက်ဘော့ဒ်အသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၆၆ မိနစ်အရောက်၌ ညာဘက်ဒူးဒဏ်ရာရရှိခဲ့ရာ အသင်းဖော်ကစားသမားစကားလက်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ချိန်တွင် အရွတ်ထိခိုက်မှုကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည်။

၎င်း၏ ဒဏ်ရာကို လန်ဒန်မြို့ဆေးရုံတွင် ခွဲစိတ်ကုသမှုပြုလုပ်သွားမည်ဖြစ်ပြီး ကစားသမားအနေဖြင့် ဒဏ်ရာမှပြန်လည်ကောင်းမွန်ရန် အနည်းဆုံးခြောက်လခန့်အနားယူရမည်ဖြစ်သောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အသင်းနှင့်ပူးပေါင်းနိုင်တော့မည် မဟုတ်ကြောင်း စပါးအသင်းက အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဒရာဂူဆင်သည် ဂျီနိုအာအသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၂၂ ပွဲ ပါဝင်ကစားခဲ့ရာ ၂၁ပွဲထိ ပွဲထွက်ကစားသမားအဖြစ် ကစားခွင့်ရခဲ့ပြီး နည်းပြပိုစတီကိုဂလူ၏ယုံကြည်မှုကိုရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Eurosport
Trs : ML

# မိုရယ်လ်နှင့် မကျေပွဲထိုးသတ်သွားမည့် သတင်းများကို ဘီနာဗီဒက်ဇ် ပယ်ချ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

WBC ယာယီလိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်နှင့် WBA လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲအဖြစ် ကျူးဘားလက်ဝှေ့သမားမိုရယ်လ်အား ဖေဖော်ဝါရီ ၁ ရက်က အနိုင်ထိုးသတ်ခဲ့သည့် အမေရိကန်လက်ဝှေ့သမားဘီနာဗီဒက်ဇ်သည် မိုရယ်လ်အား မကျေပွဲထိုးသတ်ခွင့်ပြုသွားမည် မဟုတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဘီနာဗီဒက်ဇ်နှင့် မိုရယ်လ်တို့၏ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအပြီးတွင် မကျေပွဲစီစဉ်သွားဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့သလို သတင်းမီဒီယာများကလည်း မကြာမီမကျေပွဲထိုးသတ်သွားဖွယ်ရှိနေကြောင်း ဖော်ပြခဲ့ကြသော်လည်း ဘီနာဗီဒက်ဇ်က မိုရယ်လ်အား မကျေပွဲထိုးသတ်ခွင့်ပြုသွားမည်မဟုတ်သလို ၎င်းကိုယ်တိုင်ကလည်း မကျေပွဲထိုးသတ်သွားရန် ဆန္ဒမရှိကြောင်း အတည်ပြုခဲ့သည်။

မိုရယ်လ်အား အနိုင်ထိုးသတ်နိုင်ခဲ့ပြီးနောက် ဘီနာဗီဒက်ဇ်က လိုက်ဟဲဗီးဝိတ်တန်း၏ပြိုင်ဘက်ကင်းချန်ပီယံ ဘီတာဘီယက်ဗ်နှင့် ဘီဗိုလ်တို့၏မကျေပွဲစဉ်မှ အနိုင်ရရှိလာသည့် ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ခွင့်ရခဲ့သည်။

ဘီနာဗီဒက်ဇ်သည် WBA (Super)၊ WBC၊ WBOစူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံမကွာဆီကို လက်ဝှေ့သမား ကာနယ်လိုနှင့် ထိုးသတ်သွားရန်လည်း ဆန္ဒရှိနေသည်။

ဘီနာဗီဒက်ဇ်သည် ၎င်း၏ ရည်မှန်းချက်ကိုသာ အကောင်အထည်ဖော်သွားရန် ပစ်မှတ်ထားနေပြီး မိုရယ်လ်နှင့် မကျေပွဲထိုးသတ်သွားမည့်ကိစ္စကို စိတ်မဝင်စားကြောင်း ပြောကြားခဲ့သည်။

Ref : Xinhua
Trs : AZL



# ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား Junior အဆင့်နှင့် ဝါသနာရှင်အဆင့်အမျိုးသမီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူးပြီး BurmeseGolf (BG)မှအဓိကကူညီပံ့ပိုးသော (President Cup)ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ Juniorအဆင့်နှင့် ဝါသနာရှင်အဆင့်အမျိုးသမီး(Amateur)ပြိုင်ပွဲများ၏ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်နှင့်ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်း၊ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ် တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဖေဖော်ဝါရီ ၇ ရက်ထိ ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်သည့်အပြင် Tour Pro နှင့် Senior Proအဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၇ရက် မှ ၂၀ရက်ထိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကိုဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက်ထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)တွင် လည်းကောင်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ၂၀၂၅ ခုနှစ်တွင် စောင့်ကြည့်ရမည့် ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများ

သမိုင်းနှင့် ပထဝီဝင်အနေအထားတို့သည် ရုတ်တရက်နှင့် ကြိုတင်မှန်းဆ၍ မရသော အပြောင်းအလဲများကို ကြုံတွေ့ရနိုင်သော်လည်း ၎င်းတို့သည် နိုင်ငံများ၏ သဘောထားများနှင့် မူဝါဒများကို ပုံဖော်ရန် သိသိသာသာအထောက်အကူပြုသည်ဟု W. Gordon East က သမိုင်းကြောင်းနောက်ကွယ်မှ ပထဝီအနေအထားစာအုပ်တွင် ဆိုခဲ့သည်။ ပထဝီနိုင်ငံရေးပိုင်းခြားစိတ်ဖြာမှုသည် သမိုင်းစီးဆင်းမှုတွင် အမြစ်တွယ်လျက်ရှိပြီး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို မည်သို့ပုံဖော်သည်။ အတွေးအခေါ်များနှင့် မူဝါဒများကို ပုံဖော်ရန်အတွက် အတိတ်ကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို နားလည်စေသည်။ အတိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် မတူညီသော ရှုထောင့်များမှတစ်ဆင့် ပေါ်ပေါက်လာသောကြောင့် ဤအရွေ့နှစ်ခုသည် အမြဲတမ်းတူညီခြင်းမရှိပေ။ ထို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ်သည့် ပထဝီနိုင်ငံရေးအပြောင်းအလဲများသည်လည်း သိသာထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယ၊ အမေရိကန်၊ ဂျပန်၊ အင်ဒိုနီးရှားနိုင်ငံများတွင် အထင်ကရရွေးကောက်ပွဲများရှိသကဲ့သို့ အီရန် -အစ္စရေးတိုက်ခိုက်မှု၊ တောင်ကိုရီးယား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆီးရီးယားနိုင်ငံတို့ကဲ့သို့ ပထဝီနိုင်ငံရေးအပြောင်းအလဲများလည်း ရှိနေသည်ကို တွေ့ရှိရသည်။

အမေရိကန်မှ ရုရှားထိ၊ တောင်အာဖရိကမှ တောင်ကိုရီးယားထိ၊ အိန္ဒိယမှ ဘရာဇီးနှင့် မက္ကဆီကိုမှ အင်ဒိုနီးရှားထိ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအများအပြားကို အာရုံစိုက်ခဲ့ကြသည်။ သမိုင်း၏ ကျယ်ပြန့်သောပုံစံများ မည်သို့ပင်ရှိစေကာမူ ၂၀၂၄ ခုနှစ်သည် ဒေသတွင်းလူမှုရေးဆိုင်ရာ ဒိုင်းနမစ်များဖြင့် တွန်းအားပေးသော အပြောင်းအလဲအတွက် ရင့်ကျက်နေပြီဖြစ်သည်။

**အထင်ကရဖြစ်စဉ်များ**

၂၀၂၄ ခုနှစ်အတွင်း ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် မည်သည့်ဖြစ်ရပ်များက ပထဝီဝင်နိုင်ငံရေးအရ အထိရောက်ဆုံးဖြစ်သည်ဟူသော အချက်ကို ဆုံးဖြတ်ရခက်စေသည်။ ဆီးရီးယားသမ္မတ ဘာရှာအာဆတ်အစိုးရသည် ဒီဇင်ဘာလတွင် သူပုန်အဖွဲ့များ၏ အုပ်စုဖွဲ့တိုက်ခိုက်မှုကြောင့် ရက်အနည်းငယ်အတွင်း ပြိုလဲသွားခဲ့သည်။ ယီမင်ရှိ ဟူသီတို့၏ ဒုံးကျည်များ၊ ဒရုန်းများဖြင့် တိုက်ခိုက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ သင်္ဘောလမ်းကြောင်းများကို ပြန်လည်ပြုပြင်ပြောင်းလဲစေခဲ့သည်။ ယူကရိန်း-ရုရှား၏ ကာ့စ်ဒေသအတွင်း ပထမဆုံး နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့သည်။ လွတ်လပ်ရေးလှုပ်ရှားမှုပုံစံပြုမှုလာသည့် တရုတ်(တိုင်ပေ)ကို ပိတ်ဆို့မှုပုံစံတူလေ့ကျင့်မှုနှင့်အတူ တရုတ်နိုင်ငံသည် တိုက်ရိုက်ပစ်ခတ်စဉ်ပါ လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ မာလီ၊ နိုင်ဂျာနှင့် ဘာကီနာဖာဆိုနိုင်ငံတို့သည် အနောက်အာဖရိက နိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်းမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး အနောက်အာဖရိကတွင် ပြင်သစ်၏ ရပ်တည်ချက်အခန်းကဏ္ဍကို ဆုတ်ယုတ်စေခဲ့သည်။

တစ်ချိန်တည်းမှာပင် တိုက်ခိုက်နေဆဲစစ်ရေးအကျပ်အတည်းများစွာဖြင့် တစ်နှစ်ကျော်လာခဲ့သည့် ရုရှား-ယူကရိန်းပဋိပက္ခဆက်လက်ဖြစ်ပွားခဲ့သည်။ မြောက်ကိုရီးယားသည် ရုရှားနိုင်ငံသို့ တိုက်ခိုက်ရေးတပ်များ စေလွှတ်ဖြန့်ကြက်စေခဲ့သည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဟားမတ်စ် တိုက်ခိုက်မှုအပေါ် အစ္စရေး၏ တုံ့ပြန်မှုသည် ဒေသတွင်းစစ်ပွဲအဖြစ်သို့ ပျံ့နှံ့လာခဲ့သည်။ ဖိလစ်ပိုင်သည် ဂျပန်နှင့် တပ်ဖွဲ့များအပြန်အလှန် လည်ပတ်မှု အထောက်အကူပြုရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖိလစ်ပိုင်ရှိ ဂျပန်တပ်များ အတွက် လမ်းခင်းပေးခဲ့သည်။

> ❖ဆီးရီးယားနိုင်ငံတွင် ဘာရှာအာဆတ်အစိုးရ ရုတ်တရက်ပြိုလဲသွားခြင်းသည် မကြာမီကာလအတွင်း အစ္စရေး၏ ရပ်တည်ချက်ကို ပိုမိုခိုင်မာလာစေပြီး ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာတို့၏ အခန်းကဏ္ဍများပြိုလဲခြင်းနှင့်အတူ ဒေသတွင်းတွင် အီရန်၏ ရပ်တည်ချက်ကိုပါ လျင်မြန်စွာ ကျဆင်းသွားစေခဲ့သည်။ အစ္စရေးသည် အီရန်၏ ကန့်သတ်ချက်များကို အရင်းအနှီးပြုရန် ကြိုးပမ်းနေချိန်တွင် တူကီယဲသည် ၎င်း၏ဒေသတွင်း ဩဇာကို ဆက်တိုက်ချဲ့ထွင်ပြီး ယခုအခါ ဆီးရီးယားသို့ တိုးချဲ့လျက်ရှိသည်။ ❖

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ**

ICC မှ ဖမ်းဝရမ်းထုတ်ထားသည့်ကြားမှပင် ရုရှားသမ္မတဗလာဒီမာပူတင်သည် ICC အဖွဲ့ဝင် မွန်ဂိုလီးယားသို့ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် သွားရောက်ခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင်နေတန်ယာဟုကို ICC ဖမ်းဝရမ်းထုတ်မှုကို အစ္စရေးနှင့် ICC အဖွဲ့ဝင်မဟုတ်သည့် အမေရိကန်အပါအဝင် နိုင်ငံအများအပြားက ဝေဖန်ခဲ့ပြီး ICC သည် ယခုနှစ်တွင် ပိုမိုပြင်းထန်သောပယ်ချမှုကို ရင်ဆိုင်ခဲ့ရသည်။ နောက်ဆုံးတွင် နိုင်ငံတကာအဖွဲ့သည် လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များကြားတွင် ကြီးထွားလာသော သဘောထားကွဲလွဲမှုများ၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် ပဋိပက္ခစေ့စပ်ညှိနှိုင်းရေးကို လိုက်လျောညီထွေဖြစ်စေရန် လုပ်ဆောင်နိုင်မှုမရှိသောကြောင့် ကမ္ဘာတစ်ဝန်းရှိ လုံခြုံရေးအကျပ်အတည်းများကို ကုလသမဂ္ဂ၏ တုံ့ပြန်မှုသည် လွန်စွာအားနည်းပြီး ထိရောက်မှုမရှိဖြစ်လာသည်။ ၂၀၂၄ ခုနှစ်တွင် နိုင်ငံများနှင့် ဒေသတွင်းအစုအဖွဲ့များက အကျိုးစီးပွားအကာအကွယ်ပေးရေးနှင့် အမျိုးသားရေးလိုအပ်ချက်ဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ရန် ဆက်လက်လုပ်ဆောင်ခဲ့ပြီး လွတ်လပ်သောကုန်သွယ်မှုနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ ကမ္ဘာ့စံချိန်စံညွှန်းများကို ပိုမိုထိခိုက်စေခဲ့သည်။

မာလီ၊ နိုင်ဂျာနှင့် ဘာကီနာဖာဆိုနိုင်ငံတို့က အနောက်အာဖရိကစီးပွားရေးအသိုက်အဝန်းမှ နုတ်ထွက်ခြင်းသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ စိန်ခေါ်မှုအသစ်များကို မည်သို့ရင်ဆိုင်နိုင်သည်ကို ပြသနေသည်။ အာဆီယံသည် ပဋိညာဉ်ပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရန် ကြိုးပမ်းခဲ့သည်။ ဥရောပသမဂ္ဂသည် ပြည်တွင်းစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရန် အတွက် ၎င်း၏ အစွန်းရောက်လစ်ဘရယ်ပန်းတိုင် အချို့ကို ဖြေလျှော့လာခဲ့သည်။ ရွေးကောက်ခံအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်း၏ မြောက်အမေရိကအိမ်နီးချင်းများဖြစ်သည့် ကနေဒါနှင့် မက္ကဆီကိုတို့အပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံရန် ခြိမ်းခြောက်ခဲ့သည်။ အဖွဲ့အစည်းဟောင်းများ၏ ဆုတ်ယုတ်မှုများတိုးမြင့်လာပြီး ပိုမိုသေးငယ်ကာ များစွာသောနည်းဗျူဟာမြောက် အစီအစဉ်များပေါ်ထွက်လာသည်။ ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုအသစ်အဖြစ် BRICS အဖွဲ့တိုးတက်လာမည်ကိုမျှော်လင့်နိုင်သည်။

**ရုရှား-ယူကရိန်းပဋိပက္ခကိုပြန်လည်ပုံဖော်ခြင်း**

၂၀၂၄ ခုနှစ် ဩဂုတ်လအစောပိုင်းတွင် ယူကရိန်းသည် ရုရှားနိုင်ငံကာ့စ်ဒေသကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း ရုရှားနိုင်ငံကို ပထမဆုံးအကြိမ် ကျူးကျော်ခြင်းဖြစ်သည်။ အောက်တိုဘာလတွင် မြောက်ကိုရီးယားသည် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ကာ့စ်ဒေသသို့စေလွှတ်သည့် သတင်းထွက်ပေါ်ခဲ့ပြီး အသစ်တိုးချဲ့ထားသော ရုရှား-မြောက်ကိုရီးယားကာကွယ်ရေးသဘောတူညီချက်အတွက် ၎င်း၏ကတိကဝတ်ကိုဖြည့်ဆည်းမှုဖြစ်စေခဲ့သည်။ နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံအတွင်း တိုက်ခိုက်မှုများတွင် အသုံးပြုရန်အတွက် ယူကရိန်းနိုင်ငံသို့ တာဝေးရောက်ရှိမှုတိုးမြှင့်ထားသည့် လက်နက်များကို ပံ့ပိုးခဲ့ပြီး မကြာမီတွင် ရုရှားသည် သမားရိုးကျလက်နက်ထိပ်ဖူးတပ်ဆင်ထားသည့် ထိပ်ဖူးစုံတပ်တာလတ်ပစ်ဒုံးကျည်(MIRV IRBM)ကို အသုံးပြုခဲ့သည်။

**အစ္စရေး၊ အီရန်၊ တူကီယဲနှင့် အရှေ့အလယ်ပိုင်းကို ပြန်လည်ပုံဖော်ခြင်း**

ယူကရိန်းပဋိပက္ခများကဲ့သို့ပင် အရှေ့အလယ်ပိုင်းရှိ အစ္စလာမ်မစ်နယ်မြေတစ်ဝန်းနှင့် ပြင်ပတွင် လုံခြုံရေးနှင့် နိုင်ငံရေးပတ်ဝန်းကျင်ကို ကြီးမားသော ပြန်လည်ပုံဖော်မှုဖြစ်စေခဲ့သည်။ အစ္စရေးနှင့် အီရန်နှစ်နိုင်ငံစလုံးသည် အပြန်အလှန်တိုက်ခိုက်မှုများဖြင့် နောက်ဆုံးကန့်သတ်ချက်များကို ချိုးဖျက်ခဲ့ကြသည်။ စစ်ပွဲအပေါ် အများပြည်သူထောက်ခံမှုဆုတ်ယုတ်သွားသော်လည်း အစ္စရေးပဋိပက္ခအတွင်း အစိုးရအဖွဲ့သည် လက်ယာစွန်းများအဖွဲ့၏ တောင်းဆိုမှုအများစုကို လျစ်လျူရှုထားပြီး အာဏာဆက်လက်တည်မြဲစေခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဘာရှာအာဆတ်အစိုးရ ရုတ်တရက်ပြိုလဲသွားခြင်းသည် မကြာမီကာလအတွင်း အစ္စရေး၏ ရပ်တည်ချက်ကို ပိုမိုခိုင်မာလာစေပြီး ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာတို့၏ အခန်းကဏ္ဍများပြိုလဲခြင်းနှင့်အတူ ဒေသတွင်းတွင် အီရန်၏ ရပ်တည်ချက်ကိုပါ လျင်မြန်စွာ ကျဆင်းသွားစေခဲ့သည်။ အစ္စရေးသည် အီရန်၏ ကန့်သတ်ချက်များကို အရင်းအနှီးပြုရန် ကြိုးပမ်းနေချိန်တွင် တူကီယဲသည် ၎င်း၏ ဒေသတွင်း ဩဇာကို ဆက်တိုက်ချဲ့ထွင်ပြီး ယခုအခါ ဆီးရီးယားသို့ တိုးချဲ့လျက်ရှိသည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ၎င်းတို့၏ သက်ဆိုင်ရာ ဩဇာလွှမ်းမိုးမှု အကျိုးစီးပွားနယ်ပယ်များတွင် အီရန်၊ တူကီယဲနှင့် ရုရှားနိုင်ငံတို့ကြား မတည်ငြိမ်သောအခြေအနေဖြစ်လာခဲ့သည်။

ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် အစ္စရေးတို့ကြား ပုံမှန်ပြန်လည်ညှိနှိုင်းရေးဆွေးနွေးပွဲများ လျင်မြန်စွာ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်မထားသော်လည်း အင်အားပြောင်းလဲခြင်းသည် ငြိမ်သက်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်သည်ဟု ကောက်ချက်ချထားသည်။ နောက်ထပ်အချက်အချာကျသောနေရာမှာ အမေရိကန်တပ်များ ဆုတ်ခွာရန် ပြင်ဆင်နေသည့် အီရတ်နိုင်ငံဖြစ်နိုင်သည်။ အီရန်သည် ၎င်း၏ ဩဇာလွှမ်းမိုးမှုနှင့် နိုင်ငံအဆင့်မဟုတ်သော လက်လှမ်းမီမှုအနာဂတ် ပြန်လည်ချဲ့ထွင်လာမှုကို မျှော်မှန်းပြီး ၎င်း၏ ရပ်တည်နိုင်မှုကို ပိုမိုခိုင်မာရေးပြုလုပ်လိုမည်ဖြစ်သည်။

**အနောက်အုပ်စု၏ ဦးဆောင်မှုဆုံးရှုံးခြင်း**

ပြင်သစ်နှင့် ဂျာမနီအစိုးရများသည် အားနည်းလာပြီး အကွဲကွဲအပြားပြားဖြစ်နေကြသည်။ အမေရိကန်အစိုးရသည်လည်း အမေရိကန်အကျိုးစီးပွားအဓိကရေးရှုသည့် သမ္မတဒေါ်နယ်ထရန့်၏ ဒုတိယအစိုးရသက်တမ်းဖြစ်ပေါ်စေပြီး ကနေဒါ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ရှိ မဟာမိတ်အစိုးရများ အပါအဝင် အခြားအစိုးရများပြောင်းလဲမှုသည် ပြည်တွင်းတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ယခင် အနောက်နိုင်ငံများအတွက် ဘုံရည်မှန်းချက်များ သို့မဟုတ် အယူအဆသတ်မှတ်ဖော်ပြချက် အနည်းငယ်သာရှိပြီး ၎င်းက ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများ ပျက်ယွင်းသွားပြီး နိုင်ငံတကာဆက်ဆံရေးကို ပြန်လည်ပုံဖော်ခြင်းတို့ကိုပါ ဖြစ်စေသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ၎င်း၏ ပြည်တွင်းစီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေသောကြောင့် အရှေ့ခြမ်းတွင် တန်ပြန်မဟာမိတ်များဖွဲ့စည်းခြင်းမရှိပေ။ ရုရှားနိုင်ငံသည် ၎င်း၏ အစွန်အဖျားတွင် လွှမ်းမိုးမှုလျော့ပါးလာသည်ကို တွေ့မြင်ရပြီး မိတ်ဖက်နိုင်ငံငယ်များဖြစ်သည့် အီရန်နှင့် မြောက်ကိုးရီးယားအတွက် အလေးပေးလာခဲ့သည်။ ဤအဆင့်တွင် နိုင်ငံစုံစနစ်ဆီသို့ လျှောက်လှမ်းမှုကို စီးပွားရေးနှင့်ကုန်သွယ်ရေးဦးစားပေးမှုများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဦးစားပေးမှုများ သို့မဟုတ် နည်းပညာဆိုင်ရာအရွေ့များနှင့်ပတ်သက်၍ အလားအလာရှိသော အစုအဖွဲ့များဖြင့် ပြိုင်ဆိုင်မှုနှင့် လွဲမှားသော ချိန်ညှိမှုတို့ဖြင့် ထင်ရှားစေသည်။

အချုပ်ဆိုရလျှင် ၂၀၂၄ ခုနှစ်တွင် မျှော်မှန်းမထားသည့် ပထဝီနိုင်ငံရေးဖြစ်စဉ်များဖြစ်ပွားခဲ့သည်ကို အတိအလင်းမြင်တွေ့ခဲ့ရသည်။ မိမိတို့တွေ့မြင်ခဲ့ရသည့်အတိုင်း ဤအချက်သည် အလယ်အလတ်အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင်အင်အားအခိုင်အမာပြန်လည်ရရှိရန်နှင့် ဘက်ပေါင်းစုံမှ အားသာချက်များရရှိရန် နေရာလွတ်ကိုဖွင့်ပေးသည်။ ရုရှား-ယူကရိန်းပဋိပက္ခသည် အရှိန်အဟုန်လျော့ပါးခဲ့ခြင်းမရှိသကဲ့သို့ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားဦးစားပေးမှုများသည် ပြင်းထန်လာခဲ့သည်။ ဤအခြေအနေများသည် ၂၀၂၅ ခုနှစ်အတွက် စောင့်ကြည့်ရမည့် ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများဖြစ်လာကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- worldview.ranenetwork.com/ content/ article/2024-geopolitical-review

နေရှား(သုတေသန)

# ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ပဲခူးမြို့ ရွှေမော်ဓောစေတီတော်သို့ ပြည်တွင်း၊ပြည်ပ ဘုရားဖူးဦးရေ ၃၉၄၇၀၀ ကျော် လာရောက်ဖူးမြော်ခဲ့



**ပဲခူး ဖေဖော်ဝါရီ ၅**

၂၀၂၄ ခုနှစ် တစ်နှစ်ကာလအတွင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်သို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၃၉၄၇၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေမော်ဓောစေတီတော် ဂေါပကအဖွဲ့ဝင် ဦးရွှေသိန်းက ပြောပြ၍ သိရသည်။

ရွှေမော်ဓောစေတီတော်သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ တစ်နှစ်တာကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူး ပြည်သူဦးရေ ၃၉၀၀၀၀ ကျော်နှင့် ပြည်ပခရီးသွားဦးရေ ၄၇၅၀ တို့ လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

"ပဲခူးရွှေမော်ဓောစေတီတော်ကတော့ တစ်နှစ်တာပတ်လုံး ရပ်နီးရပ်ဝေးက ဘုရားဖူးပြည်သူတွေလာရောက်ဖူးမြော်မှု များပြားနေပါတယ်။ အထူးသဖြင့် ရန်ကုန်ကနေ နေ့ချင်းပြန် အများဆုံးလာရောက်ဖူးမြော်လေ့ရှိပါတယ်။ ပဲခူးမြို့ကို နေ့ချင်းပြန် ဘုရားဖူးလာရောက်တဲ့အခါ ပုံမှန်အားဖြင့် စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်တွေမှာလာရောက်ကြပြီး ရွှေမော်ဓောစေတီတော်ကတစ်ဆင့် ရွှေသာလျောင်း၊ မဟာစေတီ၊ ဟင်္သာကုန်းဘက်တွေကို ဆက်လက်သွားရောက်ဖူးမြော်ကြပါတယ်။ တစ်နှစ်တာပတ်လုံးမှာတော့ ပြည်တွင်းဘုရားဖူးပြည်သူ အယောက်လေးသိန်းနီးပါး လာရောက်ဖူးမြော်ကြပြီး ထိုင်း၊ တရုတ်၊ ကမ္ဘောဒီးယား စတဲ့နိုင်ငံတွေက နိုင်ငံတကာခရီးသွား အယောက် ၄၇၀၀ ကျော် လာရောက်လေ့လာခဲ့ပါတယ်"ဟု ဦးရွှေသိန်းက ပြောပြသည်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ခူးလဆန်း ၁၀ ရက်နေ့မှ တန်ခူးလပြည့်ကျော် ၄ ရက်နေ့ထိ ၁၀ ရက်တိုင်တိုင် ကျင်းပလေ့ရှိပြီး တန်ခူးလပြည့်နေ့တွင် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၀၀ အား စေတနာရှင်၊ အလှူရှင်များ စုပေါင်းကုသိုလ်ဖြင့် ဆွမ်းဆန်စိမ်းနှင့်အခြားလှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်လေ့ရှိကြောင်း သိရသည်။ ASH

# Matchbox ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ကိုရေးစတိုး ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၅**

Apple Original Films ကုမ္ပဏီ၏ Matchbox ဇာတ်ကားသစ်၌ မင်းသား ကိုရေးစတိုး ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၄ ရက် သတင်းများအရ သိရသည်။

Matchbox ဇာတ်ကားတွင် မင်းသား ကိုရေးစတိုးသည် မင်းသား ဂျွန်စီနာ၊ ဆမ်ရစ်ချက်ဆန်၊ မင်းသမီး ဒါနီးဂူရီရာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် Mettal ကလေးကစားစရာအရုပ် ထုတ်လုပ်ရေး ကုမ္ပဏီ၏နာမည်ကျော် Matchbox ကားရုပ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

The Matchbox ဇာတ်ကားကို ဒါရိုက်တာ ဆမ်ဟားဂရေ့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျိုနသန်ထရော့ပါက ရေးသားပေးထားကြောင်း၊ လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်နှင့် ဇာတ်ကောင်နေရာများကို Apple Original Films က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Matchbox ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားက အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ရိုက်ကွင်းများ၌ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Beautiful Pottery from Twantay အမည်ရှိ The Student Art Exhibition ကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

Beautiful Pottery from Twantay အမည်ရှိ The Student Art Exhibition ကို ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ပြုလုပ်ခဲ့ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက ပြောပြ၍သိရသည်။

Beautiful Pottery from Twantay အမည်ရှိ The Student Art Exhibition ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ပန်းချီပညာဌာနမှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၏ ပန်းချီကား ၁၆ ကားကို ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာနက ကျောင်းသား၊ ကျောင်းသူတွေရဲ့ အနုပညာစွမ်းရည်တွေ၊ တီထွင်ဖန်တီးဆန်းသစ်မှုတွေ မြင့်မားလာစေဖို့၊ သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် အနုပညာအရည်အသွေးတွေ ထူးချွန်ပြောင်မြောက်လာစေဖို့ ကျင်းပတာဖြစ်ပါတယ်"ဟု ပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးက ပြောပြသည်။



The Student Art Exhibition သို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာဌာနအသီးသီးမှ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ASH

# Paramount ၏ Scream 7 ဇာတ်ကား၌ မင်းသား အီသန်အမ်ဘရီ ပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၅**

Paramount ကုမ္ပဏီ၏ Scream 7 ဇာတ်ကား သရုပ်ဆောင်များစာရင်းတွင် First Man မင်းသား အီသန်အမ်ဘရီ ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၄ ရက် သတင်းများအရ သိရသည်။

Scream 7 ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသား အီသန်အမ်ဘရီသည် မင်းသမီး အစ္စဘဲမေ၊ စီလက်စတီအိုကွန်နာ၊ မင်းသား ဆမ်ရက်နာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကီဗင်ဝီလျံဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘူးဆစ်က တာဝန်ယူရေးသားထားသည်။

လက်ရှိတွင် Scream 7 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Paramount ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Paramount ကုမ္ပဏီက နောက်ဆုံး ရုံတင်ပြသခဲ့သော Scream ဇာတ်ကားမှာ Scream 6 ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်ကာ Scream 6 ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၉ သန်းထိ ရရှိခဲ့ပြီး Scream ဇာတ်ကားများ အနက် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားလည်း ဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ဆရာမ The Teacher 2 ရုပ်ရှင်ဇာတ်ကား Premiere Show ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၇ ရက်တွင် ရုံတင်ပြသမည့် ဆရာမ The Teacher 2 ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ဖေဖော်ဝါရီ ၄ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မြယာက ပြောပြ၍ သိရသည်။

ဆရာမ The Teacher 2 ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညိုမင်းလွင်က ရေးသားထားပြီး ဒါရိုက်တာ ညိုမင်းလွင်ကပင် ညကျောင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"မြယာ ပထမရိုက်ခဲ့တဲ့ The Teacher 1 ထက် 2 က ပိုကြောက်ဖို့ကောင်းတယ်။ (အထက-၆) မင်းခေါင်ကျောင်းမှာဖြစ်နေကြတဲ့ ပြဿနာရဲ့အဖြေကို သူတို့ဘယ်လိုဆက်ပြီး ရှာကြမလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီဇာတ်ကားကိုသရဲကားဆိုတာထက် စုံထောက်ဇာတ်ကားလိုမျိုး ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် မြယာက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လင်းထည်ဝါ၊ သန်းဓနစိုး၊ ဂျွန်နိုင်းအောင်၊ ပိုင်သစ်၊ မိုးယံ၊ မြယာ၊ မြတ်၊ ဝင်းလှဲ့ရွှေရည်၊ နှင်းဝတ်ရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting to organize a union-level MSME products fair and competition



Vice-Senior General Soe Win addresses the work coordination meeting to organize a union-level MSME products fair and competition.

**Nay Pyi Taw February 5**

A work coordination meeting to organize a union-level MSME products fair and competition was held at Taboung grounds, Uppatasanti Pagoda here this afternoon, addressed by Chairman of MSME Development Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Deputy Prime Minister Union Minister for Planning and Finance U Win Shein, Union Minister for Industry U Charlie Than, Nay Pyi Taw Council Chair U Than Tun Oo, deputy ministers, who are subcommittee chairs, agency chairs from Nay Pyi Taw Council and regions and states, officials of associations, exhibition in-charges, heads of department and officials.

The Vice-Senior General said the aims and objectives of the fair and competition have already been set. In carrying out the functions from the time the work committee was formed till now, advantages and disadvantages, and requirements in work connections and experience sharing between the relevant ministries and regions and states and among the regions and states have been exposed according to the finds during the inspection tours of the Head of State and dignitaries. Because of the separation of the functions, weakness can be found in coordination and reforms. Ministry-wise supports including technological aids are posted on web portals, but they still fail to provide wider knowledge to entrepreneurs. Although region/state-wise MSME products fairs are organized in combination, the union level region/state-wise fair and competition will enable entrepreneurs to notice and compare the differences in prices, quality, packing system, techniques exportability of their products and make reforms and innovations accordingly. Every business needs competition for its development. Regions and states will be able to make necessary changes after comparing the quality, taste, packing system of the goods of the same type. MSMEs will have the opportunity to make a comparison of the multiple products in a single place and share experiences.

MSME products should be exported, apart from local distribution. But entrepreneurs need knowledge of the export markets, paper works and technological requirements for smoother running of their business functions. Thanks to the union-level fair and competition, export-substitute goods from region/state MSMEs will be available for the public. Moreover, it will provide MSMEs with the knowledge of the procedures to connect the relevant ministries for acquiring techniques and date, certificates and references.

Furthermore, the agency chairpersons attending this meeting should inform business owners in advance about the processes, information, and technologies that their ministries can provide in relation to MSME businesses, rather than simply displaying their products as was done in previous MSME exhibitions. The exhibitions and competitions will also facilitate connections with civil society organizations driving the economy, as well as banks capable of addressing the financial needs of business owners. These details align with the objective of the Head of State's Union-level MSME product exhibitions and competitions.

Among the presentations made during meetings with MSME business owners, attended by officials including the Head of State, the primary issues discussed were access to capital, land, and electricity. Regarding capital, the MSME Business Committee has offered maximum flexibility to business owners in accessing loans. Regarding land acquisition, officials from the working committee are overseeing the necessary arrangements. Regarding the issue of electricity access, a primary concern for MSME business owners, the nation's electricity production has surpassed 6,300 megawatts. However, some factories have been shut down for various reasons, and production has been halted due to incidents of violence. The Ministry of Electricity is working diligently to ensure a rotational power supply, based on the available generation capacity. He emphasized the importance of educating factories and workshops to address the ongoing electricity shortage. At present, six companies within the Thilawa Industrial Zone are generating over 4.9 megawatts of electricity through solar power systems. This production has enabled a broader range of business activities to be conducted. Using this initiative as a model, other companies are planning to generate and utilize more than 8 megawatts of power. By adopting this approach, each owner will be able to utilize the electricity for their own operations and sell any excess power to the national grid. The cost of installing a solar system is expected to be recovered within a few years. For example, the 20-megawatt solar power system at the Commander-in-Chief's Office was installed and became operational about two years ago, and the cost will be recovered within the next year and a half. Therefore, MSME business owners should aim to secure an electricity supply through solar systems by utilizing vacant land in industrial zones and other available areas in the respective regions and states. By doing so, they will be able to overcome the challenge of insufficient electricity in industrial zones. The state is also carrying out projects in other states and regions to generate over 1,000 megawatts of hybrid power, combining natural gas and solar power. With electricity generated being distributed nationwide, power will be allocated in proportion. If each business operates its own solar power system, operations will be more efficient. As such, further discussions and implementation are crucial.

Therefore, agency chairmen from states and regions who are attending the meeting are urged to meet entrepreneurs in respective states and regions and explain how to successfully operate MSMEs by generating electricity from solar energy. As MSMEs can greatly contribute to the development of the country, the upcoming exhibition and competition will be held on a grand scale under ambitious objectives.



Vice-Senior General Soe Win inspects preparations for holding a union-level MSME products fair and competition.

*See Page 13*

# Sunflower grown on over 2,000 acres of croplands in Ayadaw Township



A sunflower plantation in Ayadaw Township.

**Ayadaw February 5**

According to the Department of Agriculture in Monywa District of Sagaing Region, sunflower cultivation in Ayadaw Township has reached 2,705 acres for the winter crop season.

In the 2024-2025 winter crop season, the target for sunflower cultivation in Ayadaw Township was set at 2,725 acres. Planting began in October 2024, and as of today, a total of 2,705 acres have already been cultivated. Efforts are ongoing to ensure the remaining target is met.

"The plan is to cultivate 2,725 acres of sunflower in Ayadaw Township during this winter crop season. So far, 2,705 acres of sunflower have been planted. We are working to complete the remaining acreage. Expanding sunflower cultivation helps reduce reliance on imported palm oil. Sunflower is an oilseed crop that yields more oil per acre than peanuts or sesame. That is why sunflowers are mainly grown in the winter," said Daw San San Myint, Head of the Monywa District Department of Agriculture.

To support the expansion of sunflower cultivation, the township's Department of Agriculture is intensifying training programmes to enhance capacity farmers and agricultural staff to be able to grow sunflower without any difficulties.

Furthermore, arrangements have been made to provide farmers with quality sunflower seeds, sell urea and fertilizers at affordable prices, and distribute sunflower seeds through farmer-to-farmer exchange systems. 206

# Winter sesame harvest completed on over 29,000 acres in Myinmu Township

**Myinmu February 5**

According to statistics from the Sagaing District Department of Agriculture, the winter sesame crop planted during the winter cultivation season in Myinmu Township has been fully harvested on 29,282 acres.

During the winter cultivation period, a total of 37,412 acres of winter sesame were planted in Myinmu Township. Harvesting began in December 2024, and as of now, 29,282 acres have been completed, with an average yield of 13.77 baskets per acre.

"The winter cultivation season in Myinmu Township this year saw a total of 37,412 acres of sesame planted. The harvesting process is currently ongoing, and as of today, more than 29,000 acres have been harvested. Sown acreage of sesame is on the rise year by year, and as an oilseed crop, it is yielding successful results," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

The Myinmu Township Department of Agriculture has been providing farmers with knowledge on expanding sesame cultivation, improving cultivation techniques, adopting GAP (Good Agricultural Practices) methods, and using high-quality, and high-yielding seeds.

Crops grown under the GAP system are known for their superior quality compared to those produced using other farming methods. GAP cultivation allows farmers to achieve better market prices and access both domestic and international markets. As a result, farmers practicing GAP cultivation see increased profitability and overall improvement in their socio-economic conditions. 206



A winter sesame plantation

# Kalay District cultivates over 15,000 acres of winter green grams

**Kalay February 5**

A total of 15,663 acres of green grams have been planted in this year winter crops planting season in Kalay District, Sagaing Region, according to the statistics of the Department of Agriculture for Kalay District.

During the 2024-2025 winter crops planting season, 15,650 acres of green grams have been planned for planting in Kalay District. Planting has started in October 2024, and 15,663 acres have been planted to date.

"Green grams cultivation is increasing year by year. There will be education on expanding green grams cultivation, and there will be education on using good varieties to improve yields," said U Aung, head of the Department of Agriculture for Kalay District.

The Township Department of Agriculture has provided field education to farmers growing green grams on selecting good varieties, proper planting methods, pest control, systematic use of fertilizers, and good yields.

During this year's winter crops planting season, the department is cooperating with farmers for the necessary seed, inputs, and post-harvest technology to increase the yield and quality of beans. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

MSMEs can greatly contribute to the national objective of ensuring prosperity and food security of the nation through the MSME product exhibition and competition. MSME entrepreneurs are required to manufacture one product in one area and exert efforts not only for domestic consumption but also for exports. Since the formation of the MSME working committee, progress has been made but it is necessary to boost production for exports.

Then, Union Minister Dr Charlie Than reported to the Vice-Senior General on the agenda of the opening ceremony of the MSME product exhibition and competition, arrangements for exhibition booths of states and regions including Nay Pyi Taw, kinds of products to be displayed, types of competitions and plans for prizes to be presented.

Afterward, chairman of the working committee for organizing the event Deputy Minister for Industry U Yin Maung Nyunt reported to the Vice-Senior General on formation of sub-committees and arrangements for organizing the union-level MSME product exhibition and competition.

Then, chairmen of sub-committees for security, invitation, accommodation and catering, archway and booth construction, booth location and exhibition, holding opening ceremony, prize presentation and entertainment, judging and prize presentation, linking businesses and businesses (B2B), administrative affairs, electricity supply, information and financial affairs and agency chairmen for states and chairman reported to the Vice-Senior General on completion of tasks, preparations for exhibition booths of respective states and regions, products to be displayed, local tradition food to be sold in traditional food stalls and preparations for participation in the competition.

Then, attendees reported to the Vice-Senior General on preparations for successfully organizing the MSME product exhibition and competition for respective sectors and the Vice-Senior General coordinated the necessary measures and made concluding remarks before the meeting came to a close.

After the meeting, the Vice-Senior General and party inspected the preparations for booths of ministries, states and regions, ethnic traditional food stalls, links between businesses and businesses (B2B) and completion of booths for MSMEs and manufacturing cooperatives. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်က ပေကျင်းတွင် ပဋိပက္ခဖြစ်ပွားပါကအသုံးပြုရန် စစ်ဘက်ကွပ်ကဲမှုဗဟိုဌာနချုပ်တစ်ခု တည်ဆောက်နေ



တရုတ်နိုင်ငံသည် ပေကျင်းတွင် ပဋိပက္ခဖြစ်ပွားပါက အသုံးပြုနိုင်ရန် စစ်ဘက်ကွပ်ကဲမှု ဗဟိုဌာနချုပ်တစ်ခုကို တည်ဆောက်နေကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေကျင်းမြို့တော်၏အနောက်တောင်ဘက်တွင် ဧက ၁၅၀၀ ကျယ်ဝန်းသော တည်ဆောက်ရေးလုပ်ငန်းခွင်နေရာသည် အခိုင်အမာ မြေအောက်ကတုတ်ကျင်းများ၊ ဘန်ကာများပါရှိမည်ဟု ယုံကြည်ရကြောင်း Financial Times သတင်းဌာနမှရရှိသော ဂြိုဟ်တုပုံများနှင့် အမေရိကန်ထောက်လှမ်းရေးမှ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်များအရ သိရသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများ၊ အရာရှိဟောင်းများက အဆိုပါ အခြေခံအဆောက်အအုံသည် စစ်ဆင်ရေးများညှိနှိုင်းဆောင်ရွက်ရာတွင် အဓိက အချက်အချာကျသည့်နေရာအဖြစ်လည်းကောင်း၊ ပဋိပက္ခဖြစ်ပွားလာချိန်တွင် တရုတ်စစ်ဘက်၊ အဆင့်မြင့် ထိပ်တန်းအရာရှိကြီးများကို အကာအကွယ်ပေးမည့် အမိုးအကာအဖြစ်လည်းကောင်း အသုံးပြုနိုင်ဖွယ်ရှိသည်ဟု အကဲဖြတ်သုံးသပ်ခဲ့ကြသည်။ ပြီးစီးမည့်အချိန်ကာလကို ရှင်းရှင်းလင်းလင်းမသိရှိရသေးသော်လည်း ကနဦးအကဲဖြတ်ချက်များအရ ဆောက်လုပ်ရေးလုပ်ငန်းများသည် အစောပိုင်းအဆင့်တွင်သာရှိနေသေးသည်ဟု သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်၏အရွယ်အစားထက် အနည်းဆုံး ၁၀ ဆ ပိုကြီးမားမည်ဖြစ်သဖြင့် ယခုအခါ ၎င်းကို ကမ္ဘာ့အကြီးဆုံး စစ်ဘက်ကွပ်ကဲမှုဗဟိုဌာနချုပ်ဟု စစ်မှုရေးရာကျွမ်းကျင်သူတချို့က ခေါ်ဝေါ်သုံးနှုန်းနေကြသည်။

တရုတ်နိုင်ငံသည် အဆိုပါနေရာတစ်ဝိုက်တွင် စစ်ရေးလှုပ်ရှားမှုများ သိသာမြင်သာမှုမရှိစေဘဲ သတိကြီးကြီးထား၍ ကြိုးပမ်းလုပ်ဆောင်နေပုံရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် ဧရိယာ၏ အနောက်ဘက်သို့ ဝင်ရောက်ခွင့်ကိုလည်း စစ်ဆေးရေးဂိတ်က ကန့်သတ်ထားပြီး ခရီးသွားများကို တောင်တက်ခြင်းသို့မဟုတ် အနီးနားရှိနေရာများသို့ သွားရောက်ခြင်း တားမြစ်ပိတ်ပင်ထားသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် ပတ်ဝန်းကျင်တွင် ဒရုန်းပျံသန်းခြင်း သို့မဟုတ် ဓာတ်ပုံရိုက်ခြင်းတို့ကို တားမြစ်ထားသည့် သတိပေးဆိုင်းဘုတ်များ နေရာအနှံ့ထားရှိသည်။ ဂြိုဟ်တုဓာတ်ပုံများတွင် အနည်းဆုံး ငါးစတုရန်းကီလိုမီတာ ကျယ်ဝန်းသည့်ဧရိယာအတွင်း ကရိန်းအစင်း ၁၀၀ ကျော်ဖြင့် မြေအောက်အခြေခံအဆောက်အအုံများ တူးဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ အမေရိကန်နိုင်ငံရှိ တရုတ်သံရုံးက အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရှိရကြောင်း၊ ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတွက်သာ လုပ်ဆောင်ချက်များဖြစ်နိုင်ကြောင်း တရုတ်နိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြခဲ့သည်။

ထိုင်ဝမ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့တွင် တင်းမာမှုများမြင့်တက်နေချိန် တရုတ်တပ်မတော်သည် စစ်ရေးပြင်ဆင်မှုများ အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ယုံကြည်နေကြသည်။ တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံဘက်က အင်အားသုံးလာနိုင်မှုဖြစ်စဉ်တွင် အမေရိကန်သည် စစ်ရေးအရ ဝင်ရောက်စွက်ဖက်ရန်မရှိသော်လည်း တရုတ်(တိုင်ပေ)ကို ခုခံကာကွယ်မှုနှင့် အကျပ်ကိုင်မှုတို့ကို ဆန့်ကျင်နိုင်စေရေးအတွက် တရုတ်(တိုင်ပေ)၏ စစ်ရေးစွမ်းအားစုများတွင် ပံ့ပိုးပေးရန် ကတိပြုထားသည်။

**China Building Wartime Command Center as War Preparations Intensify: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယကြည်းတပ်က အကြီးစားဒရုန်းအုပ်များ တိုးချဲ့ဖွဲ့စည်းသွားရန်စီစဉ်ထား



အိန္ဒိယကြည်းတပ်သည် တာဝေးပျံထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ရေး(ISR) စွမ်းရည်များကို အဆင့်မြှင့်တင်ရန်အတွက် အကြီးစားဒရုန်းအုပ်များကို တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ထားကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတိုးချဲ့ဖွဲ့စည်းမှုအတွက် ရေရှည်အသုံးပြုနိုင်မည့် လမ်းပြမြေပုံတစ်ရပ်ကို မကြာမီတွင် ထုတ်ပြန်နိုင်ဖွယ်ရှိပြီး ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များ(UAV)နှင့် အဝေးထိန်းစနစ်ဖြင့် မောင်းနှင်နိုင်သော လေယာဉ်များ(RPAs)ကို အကွာအဝေး ကီလိုမီတာ ၁၀၀၀ ထက် ကျော်လွန်၍ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယကြည်းတပ်သည် အမြင့်ပေ ၃၀၀၀၀ ထိပျံသန်းနိုင်သည့် ဒရုန်းများကို ဦးစားပေးအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး လေထဲတွင် အချိန်ကြာမြင့်စွာလုပ်ဆောင်နိုင်စွမ်းရှိစေရန်အတွက် အနည်းဆုံး ၂၄ နာရီကြာပျံသန်းနိုင်မည့် ဒရုန်းများကို ဦးစားပေးတီထွင်ထုတ်လုပ်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့် ရင်းနှီးကျွမ်းဝင်သောစစ်ဘက်စက်မှုလုပ်ငန်းသတင်းရင်းမြစ်များအနေဖြင့် အကောင်အထည်ဖော်မည့်အချိန်ကာလကိုမူ အတိအကျထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။

UAV နှင့် RPA လေယာဉ်များသည် စစ်သားများအတွက် ဘေးအန္တရာယ်ကို လျှော့ချပေးနိုင်ပြီး စစ်ဆင်ရေးကို အချိန်ကြာမြင့်စွာဖြင့် တိုက်ခိုက်မှုများကို အတိအကျ လုပ်ဆောင်နိုင်စွမ်းရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို ခြေရာခံပြီး အကြမ်းဖက်များခိုအောင်းနေသည့်နေရာများတွင် တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းအားဖြင့် အကြမ်းဖက်မှုတန်ပြန်စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက The Times of India သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယကြည်းတပ်သည် လက်ရှိတွင် အစ္စရေးနိုင်ငံထုတ် Heron Mark-I နှင့် Mark-II မောင်းသူမဲ့လေယာဉ်များအပြင် Searcher-II အလယ်အလတ်အမြင့်ပျံ လေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော(MALE) မောင်းသူမဲ့လေယာဉ် အစင်း ၅၀ ခန့် ပိုင်ဆိုင်ထားသည်ဟု အစီရင်ခံစာများက ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါစွမ်းအားစုများသည် Wing Loong-II နှင့် Hongdu GJ-11 Sharp Sword အပါအဝင် တရုတ်နိုင်ငံ၏ ထောင်ပေါင်းများစွာသော တာလတ်နှင့် တာဝေးပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများထက် အရေအတွက်အားဖြင့် များစွာနည်းပါးနေသေးသည်။ ပါကစ္စတန်နိုင်ငံတွင်လည်း ခန့်မှန်းခြေအားဖြင့် MALEအမျိုးအစား မောင်းသူမဲ့လေယာဉ်နှင့် ဒရုန်း အစင်းရေ ၂၀၀ ခန့်ရှိပြီး အများစုမှာ တရုတ်နိုင်ငံက ရောင်းချပေးထားခြင်းဖြစ်သည်။

အိန္ဒိယစစ်ဘက်သည် စဉ်ဆက်မပြတ်၊ အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးသတင်းအချက်အလက် စုဆောင်းမှုနှင့် စောင့်ကြည့်မှုလိုအပ်သော တရုတ်၊ ပါကစ္စတန်နိုင်ငံတို့နှင့် ရှည်လျားစွာ နယ်နိမိတ်ထိစပ်နေမှုကြောင့် အဆင့်မြင့် MALE အမျိုးအစားဒရုန်းများ လိုအပ်လျက်ရှိသည်။

၎င်း၏ဒေသတွင်းရန်ဘက်များထက် ဒရုန်းများ အရေအတွက်အားဖြင့် နည်းပါးနေသော်လည်း အိန္ဒိယနိုင်ငံသည် မကြာသေးမီလများအတွင်း နိုင်ငံ၏ ဒရုန်းစွမ်းရည်ကို အားကောင်းစေရန်အတွက် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံသည် အမြင့်ပေ ၁၅၀၀၀ ကျော်ထိ ရောက်ရှိပျံသန်းနိုင်သော ပြည်တွင်းထုတ်ဒရုန်းများကို ထုတ်ဖော်ပြသခဲ့ပြီး အမေရိကန်နိုင်ငံထံမှ MQ-9B မောင်းသူမဲ့လေယာဉ် ၃၁ စင်း ဝယ်ယူခဲ့သည်။

**Indian Army Eyes Expanded Fleet of Advanced ISR Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံ ၆၀၀၅ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၄ တင်း ထွက်ရှိ



**ကျောက်မြောင်း ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ၆၀၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

" ကျောက်မြောင်းမြို့နယ်ခွဲ မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၆၀၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ အခုလက်ရှိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံများကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင်မော်သိန်းက တယ်ဇားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တယ်ဇားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၉ ဒသမ ၃ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# မိုင်းဖြတ်မြို့နယ် နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နမ့်ယွန်းကျေးရွာအုပ်စု နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် နားအယ်ကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄ သန်း ဖြင့် Eastern Mongpyak ကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်က စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဇင်မာဦးထံမှ သိရသည်။

ဇင်မာ




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများပြုလုပ်ခြင်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့်မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ် . . .**

⚐ ရှေ့ဖုံးမှအဆက်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရန် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ အသီးသီးချမှတ်ထားပြီးဖြစ်ကြောင်း၊ MSMEလုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှ ယခုချိန်အထိ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးသည့် ခရီးစဉ်များတွင် တွေ့ရသည့် အတွေ့အကြုံများအရ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု၊ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်းလုပ်ငန်းများ ချိတ်ဆက်နိုင်မှု၊ အတွေ့အကြုံဖလှယ်နိုင်မှုများတွင် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရကြောင်း၊ ထို့ပြင် မိမိလုပ်ငန်းများအလိုက် သီးခြားစီ လုပ်ဆောင်နေကြခြင်းဖြစ်သည့်အတွက် အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများတွင်လည်း အားနည်းနေသည်ကိုတွေ့ရကြောင်း၊ နည်းပညာ၊ အထောက်အကူပစ္စည်းအပါအဝင် MSME နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို webportal များ၌ တင်ပေးထားသော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်လိုအပ်ချက်များရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တပေါင်းတစည်း MSME ထုတ်ကုန်ပြပွဲများ ကျင်းပလျက်ရှိသော်လည်း ပြည်ထောင်စုအဆင့်တွင် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ဈေးနှုန်းနှင့်အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှုအခြေအနေတို့ကို နှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မိမိတို့ထုတ်ကုန်များအနေဖြင့် ထုတ်ကုန်အမျိုးအစားခြင်းတူသော်လည်း အရည်အသွေးအရသာ၊ထုပ်ပိုးမှုပုံစံ နှိုင်းယှဉ်နိုင်မည်ဖြစ်ကာ ပြုပြင်စရာများကို ပြုပြင်နိုင်ရန်နှင့်တစ်နေရာတည်းတွင်နေရာ အစုံမှ ပစ္စည်းအမျိုးအစားမျိုးစုံကို နှိုင်းယှဉ်နိုင်ခြင်း၊လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံများကိုမျှဝေနိုင်ခြင်း စသည့်ကောင်းမွန်သည့် အချက်အလက်များကို ချက်ချင်းရရှိနိုင်မည်ဖြစ်ကြောင်း။

မိမိတို့ MSMEထုတ်ကုန်များကိုပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာလိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာလိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ **ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများပြုလုပ်ခြင်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့်မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်**ကြောင်း ပြောကြားသည်။




အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြခန်းအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ယခင်MSME ပြပွဲများကဲ့သို့ မိမိထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်းမျိုးမဟုတ်ဘဲ မိမိဝန်ကြီးဌာနက MSME လုပ်ငန်းနှင့်ပတ်သက်၍ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းစဉ်များ၊သတင်းအချက်အလက်၊နည်းပညာများကိုလုပ်ငန်းရှင်များ သိရှိချိတ်ဆက်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဂျင်စီဥက္ကဋ္ဌများက လုပ်ငန်းရှင်များကို ကြိုတင်အသိပေးထားစေလိုကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲတွင်စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့်အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊လုပ်ငန်းရှင်များ၏ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန်ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါအချက်အလက်များသည် နိုင်ငံတော်အကြီးအကဲ၏ ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအပါအဝင် တာဝန်ရှိသူများသွားရောက်သည့်MSMEလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲများတွင် တင်ပြချက်များအနက် အဓိကအချက်မှာ ငွေကြေးအရင်းအနှီး၊မြေနေရာနှင့်လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ကြောင်း၊ အရင်းအနှီးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းကော်မတီတွင် လုပ်ငန်းရှင်များချေးငွေရရှိရေးအတွက် အတတ်နိုင်ဆုံးဖြေလျှော့မှုများ ဆောင်ရွက်ပေးထားကြောင်း၊ မြေနေရာရရှိရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ရသင့်ရထိုက်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSMEလုပ်ငန်းရှင်များ၏ အဓိကတင်ပြချက်ဖြစ်သည့် လျှပ်စစ်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာမဂ္ဂါဝပ် ၆၃၀၀ ကျော်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထုတ်လုပ်နိုင်မှုရပ်ဆိုင်းနေသည့် စက်ရုံများရှိကြောင်း၊ လျှပ်စစ်ဝန်ကြီးဌာနကထုတ်လုပ်နိုင်သည့် ပမာဏပေါ်မူတည်၍ အလှည့်ကျရရှိရေးအတွက် အတတ်နိုင်ဆုံးစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားရရှိရေးကျော်လွှားနိုင်မည့် မိမိတို့စက်ရုံ၊ အလုပ်ရုံများကို အသိပညာပေးလိုသည်မှာ လက်ရှိ သီလဝါစက်မှုဇုန်၌ ကုမ္ပဏီ ခြောက်ခုမှ ဆိုလာစနစ်ဖြင့်ဓာတ်အားထုတ်လုပ်မှု ၄ ဒသမ ၉ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်မှုကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်ပိုမိုတွင်ကျယ်လာကြောင်း၊ အဆိုပါ ဆောင်ရွက်မှုကို နမူနာယူပြီး အခြားကုမ္ပဏီများက လျှပ်စစ်ဓာတ်အား ၈ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိမိလုပ်ငန်းအတွက်လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲ၍ရသည့်အပြင်

ပိုလျှံမှုအပေါ် နိုင်ငံအဆင့်မဟာဓာတ်အားလိုင်းသို့ရောင်းချ၍ရနေကြောင်း၊ ဆိုလာစနစ်ဆောင်ရွက်သည့်အတွက် ကုန်ကျမည့်ငွေပမာဏမှာ နှစ်အနည်းငယ်အတွင်းအရင်းကြေကာလသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ကာကွယ်ရေးဦးစီးချုပ်ရုံးအတွင်း မဂ္ဂါဝပ် ၂၀ ရှိဆိုလာဓာတ်အားပေးစနစ်ကို လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစတင်တည်ဆောက်အသုံးပြုခဲ့ရာ လာမည့်တစ်နှစ်ခွဲအတွင်း အရင်းကျေကာလ ပြည့်မြောက်မည်ဖြစ်ကြောင်း၊သို့ဖြစ်၍MSMEလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စက်မှုဇုန်များ၏မြေလွတ်နေရာများနှင့်အခြားမြေလွတ်မြေရိုင်းနေရာများတွင် ဆိုလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များ၌ လျှပ်စစ်မီးမလုံလောက်သည့်စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ်အင်ဂျင်ပေါင်းစပ်သည့် HYBRID ဓာတ်အားမဂ္ဂါဝပ် ၁၀၀၀ ကျော်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိသည့်လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးဖြန့်ဝေခြင်းဖြစ်သည့်အတွက် အချိုးအစားအလိုက် ဓာတ်အားရရှိမည်ဖြစ်ပြီး လုပ်ငန်းရပ်များအလိုက် ကိုယ်ပိုင် Solar စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများပိုမိုအဆင်ပြေမည်ဖြစ်၍ ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အေဂျင်စီဥက္ကဋ္ဌများအနေဖြင့် သက်ဆိုင်ရာ ဒေသအလိုက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး MSME လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ကြစေရန်ရှင်းလင်းပြောကြားစေလိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ယခုကျင်းပမည့်ပြပွဲနှင့်




အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြခန်းအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

ပြိုင်ပွဲကို ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊MSMEလုပ်ငန်းကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ တိုးတက်မှုရှိသော်လည်း ပို့ကုန်အမည်သစ်များပြည်ပသို့တင်ပို့နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပြခန်းများ၊ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့်အစီအစဉ်များ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ဖိတ်ကြားရေး၊ နေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊မုခ်ဦးနှင့်ပြခန်းများတည်ဆောက်ရေးဆပ်ကော်မတီ၊ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ဖွင့်ပွဲအခမ်းအနား၊ဆုချီးမြှင့်ရေးနှင့်ဖျော်ဖြေရေးဆပ်ကော်မတီ၊ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့်ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊လုပ်ငန်း/ စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီနှင့်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြခန်းများပြင်ဆင်ထားရှိမှု၊ခင်းကျင်းပြသသွားမည့်ထုတ်ကုန်အမျိုးအစားများ၊ရိုးရာအစားအစာဆိုင်ခန်းများတွင် ရောင်းချသွားမည့်ဒေသရိုးရာအစားအစာများနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပြီးသတ်ဆောင်ရွက်နေမှုနှင့် ပြခန်းအလိုက်ခင်းကျင်းပြသရန် ပြင်ဆင် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများအဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ)လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက နဝင်းချောင်းတံတား (အဆုံ) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တံတားအသစ်ပေါ်မှ ယာဉ်များယာယီဖြတ်သန်းခွင့်ပြု၍ တံတားဟောင်းနှင့် ချဉ်းကပ်လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားပျက်စီးသွားသည့် တံတားဟောင်းကြံ့ခိုင်မှုရှိစေရန်နှင့် ထပ်မံရေတိုက်စားမှုမရှိစေရေး ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်းထိန်းသိမ်းခြင်းဆောင်ရွက်နေသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကင်းသာလမ်းဆုံသို့ရောက်ရှိပြီး ရေတိုက်စား၍ပျက်စီးခဲ့သည့် လမ်းအပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ လမ်းပခုံးများနှင့်မြေထိန်းနံရံအနိမ့်(Toe Wall)များဆောင်ရွက်ပြီးစီးမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထုတ်မြောင်းများနှင့် ရေပြွန်များဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိဆင်သေချောင်းတံတား(သိုက်ချောင်း) တံတားရေလယ်တိုင် နိမ့်ကျမှုအပိုင်းကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင် လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့် လမ်းတာပေါင်တိုးချဲ့ခြင်းဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးဝဲယာတွင်စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားသည့် အခြေအနေတို့ကိုလည်းကောင်း၊ မွန်းတည့်ခွင်- ကျည်တောင်- ခေါမ- ညောင်ပင်သာလမ်းပေါ်ရှိ ရေတိုက်စားပျက်စီးသွားသည့် ပေါင်းလောင်းတံတား(အဝေရာ)၏ ချဉ်းကပ်လမ်းများပြုပြင်ပြီးစီးမှုနှင့် တံတားကြံ့ခိုင်ရေးထိန်းသိမ်းဆောင်ရွက်သည့် အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမျိုးသားညီညွတ်ရေး

အမျိုးသားညီညွတ်ရေးဆိုတာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုပါတယ်။

၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာကော်မတီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှုဗဟိုချက်ဖြစ်သည့် တိုင်းဒေသကြီးများတွင် အသား၊ ဥထုတ်လုပ်ရန်၊ နေရောင်ခြည်ကောင်းစွာရသည့် တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများဆောင်ရွက်ရန်နှင့်ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားရန်ရှိကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ချေးငွေများထုတ်ချေးထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့်ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ဧရိယာများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးခဲ့မှုအခြေအနေများကို သုံးသပ်မှတ်တမ်းတင်ရန်၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက်ရောက်လာကြသူများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ)စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၃/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့်ကော်မတီအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တို့မှ တင်ပြလာကြသော ချေးငွေ သက်တမ်းတိုးမြှင့်ခွင့်ပြုရေး၊ စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်းနှင့် ဆိုလာစနစ်တည်ဆောက်ခြင်းတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်က ပံ့ပိုးပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိုအသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန
(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန
(https://www.moi.gov.mm)

၄။ Myawady Webportal
(https://myawady.net.mm)

၅။ Myanmar National Portal
(https://myanmar.gov.mm)

## အသိပေးနှိုးဆော်ချက်

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် အစမ်းလေ့ကျင့်ခြင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်၌ UNESCO သို့ တင်သွင်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

“မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့” (Practice of Thanakha Culture in Myanmar)နှင့်ပတ်သက်၍ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းမည့်အချက်အလက်များနှင့် စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့်ကျင်းပသည်။





အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊မန္တလေး)တို့မှ တာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံက“မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”(Practice of Thanakha Culture in Myanmar)ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရာတွင် ဘက်စုံထောင့်စုံပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင်ရေးသားပြုစုပြီး တင်သွင်းသွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်၌ UNESCO သို့တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကို နှစ်ခြိုက်စွာအသုံးပြုကြပါကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ် တပို့တွဲလပြည့်နေ့ကို “မြန်မာ့သနပ်ခါးနေ့” အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် မတ် ၃၁ ရက်မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမည့် “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”(Practice of Thanakha Cul-ture in Myanmar)ကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာဖြင့်တင်သွင်းနိုင်ရေး၊ လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲက “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”(Practice of Thanakha Culture in Myanmar)ကို အောင်မြင်စွာဖြင့် အသိအမှတ်ပြုတင်သွင်းနိုင်ရန် လိုအပ်သည့်အချက်အလက်များကို အကြံပြုပေးကြရန် အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့အတွင်းရေးမှူးတို့က မြန်မာ့သနပ်ခါး၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို UNESCO သို့တင်သွင်းရန်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကို UNESCO ICH တင်သွင်းခြင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်တို့က “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”(Practice of Thanakha Culture in Myanmar)နှင့် ပတ်သက်၍ သက်ဆိုင်သည့် အချက်အလက်များကို ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိကြီးများအား မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကျင်းပရာ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက MEVM မဲပေးစက် အသုံးပြုဆောင်ရွက်ရခြင်း၏ အားသာချက်များ၊ အကျိုးကျေးဇူးများနှင့် မြန်မာပညာရှင်များ တီထွင်ထုတ်လုပ်ထားသော MEVM စက်၏အဆင့်မီဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ သန္ဓေအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၃၄၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟ)



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ်တွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ် ၅၆ လမ်းပေါ်ရှိ ၃၅ လမ်းမှ သိပ္ပံလမ်းထိလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉ လမ်းမှ အရှေ့မြို့ပတ်လမ်းထိလည်းကောင်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းနေရာ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊မြို့မိမြို့ဖများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ မြို့ပေါ်ရှိလမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့အား အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းတစ်လျှောက်အား လှည့်လည်ကြည့်ရှုပြီး မြို့မိမြို့ဖများကို ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ၅၆ လမ်းပေါ်ရှိ ၃၅ လမ်းမှ သိပ္ပံလမ်းထိ အရှည် ၅၈၈၅ ပေနှင့် အကျယ်ပေ ၄၀ ကိုလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉ လမ်းမှ အရှေ့မြို့ပတ်လမ်းထိ အရှည် ၄၅၂၇ ပေနှင့် အကျယ် ပေ ၃၀ ကိုလည်းကောင်း နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းပေးထားကာ လိုအပ်သည့်နေရာများတွင်လည်း တံတားများဘေးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်လမ်းအဆင့်မြှင့်တင်ပေးခြင်း မဆောင်ရွက်မီက ၎င်း ၅၆ လမ်းပေါ်တွင် ယာဉ်သွားလာအသုံးပြုမှုများသဖြင့် ယာဉ်များသွားလာရာ၌ ကျပ်တည်းမှု အမြဲတမ်းဖြစ်ပေါ်နေသည့်အတွက် ယခုကဲ့သို့ လေးလမ်းသွားအဖြစ် ဘေးချဲ့၍ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းပြီး ပြည်သူများ အချိန်တိုအတွင်းသွားလာမှု ပိုမို အဆင်ပြေလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟ)

## ထူးခြားသည့် ညအပူချိန်များ

(၅-၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၇၀၀၀၀ ကျပ်

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်( ၂ / ၂၀၂၅) ထုတ်ပြန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အမိန့်အမှတ် (၁၆/၂၀၂၅)ဖြင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၈ဦး ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံသားများ၏လူ့အခွင့်အရေးများတိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့်အနှစ်သာရများ ပြည့်ဝစေရန်ရည်သန်လျက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ခိုင်မာစွာရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းရပ်တည်လျက်ရှိသော ကော်မရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ပြည်သူများအား လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးမြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆောင်ရွက်ခြင်းစသည့် ကျယ်ပြန့်သိမ်မွေ့သော တာဝန်နှင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကော်မရှင်သည် နိုင်ငံသားများ၏ အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ကော်မရှင်ဥပဒေပါရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လုပ်ငန်းများ ထိရောက်စေရန်အလို့ငှာ ရှေ့လုပ်ငန်းစဉ်မူဘောင်(The Framework of Action Plan)တစ်ရပ်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ရေးဆွဲချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းမူဘောင်နှင့် စီမံချက်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်တန်ဖိုးများကို အများပြည်သူသိရှိနားလည်မှု တိုးမြင့်စေရန်၊လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများလျော့ပါးစေရေးအတွက် တိုင်တန်းချက်များကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်၊ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို နည်းလမ်းတကျဆောင်ရွက်ရန်၊ တည်ဆဲဥပဒေများ ပြင်ဆင်ခြင်းနှင့် ဥပဒေကြမ်းများရေးဆွဲခြင်းတို့တွင် လူ့အခွင့်အရေးစံများ ထည့်သွင်းစဉ်းစားလာစေရန်၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုခြင်းမပြုရသေးသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များကို လေ့လာသုံးသပ်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးယန္တရားများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်စသည့်ရည်ရွယ်ချက်များဖြင့် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ဖ မိုင်ခွဲ၊ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် email လိပ်စာဖြစ်သော protection @mnhrc.org.mmတို့မှ တစ်ဆင့်ဖြစ်စေ အချက်အလက်များပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်။ ကော်မရှင်သည် တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ ကော်မရှင်သည် နိုင်ငံတော်၏လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊လိုအပ်ပါက လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံတင်ပြခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၇။ ကော်မရှင်သည် လူ့အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါရည်ရွယ်ချက်များ အောင်မြင်စေရန်ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၄ ဦး၊ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၈၀ တို့ကို ရောဂါ ရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"စက်ဆိပ် ကျေးရွာကပါ။ ယားနာနဲ့ နှလုံးရောဂါ လာပြတာပါ။ ဆရာဝန်တွေက ဆေးကို ပုံမှန်သောက်ဖို့ ဆေးတွေပေးလိုက်ပါတယ်။ ပြီးတော့ အရေပြားတွေကိုလည်း တအားမကုတ်ဖို့ပြောပါတယ်။ တအားကုတ်ရင် ပိုးတွေဝင်တတ်တယ်လို့ ပြောပါတယ်။ နှလုံးကျတော့ သိပ်ပြီးတော့ ဘာမှမဖြစ်သေးဘူးတဲ့။ နည်းနည်းပါးပါး တစ်ချက်၊ တစ်ချက်အောင့်တာပဲရှိပါတယ်။ အဆင်ပြေပါတယ်။ များသောအားဖြင့်က ဆေးခန်းကိုတော်တန်ရုံမပြနိုင်ကြဘူး။ ပိုက်ဆံက သိပ်ပြီးမတတ်နိုင်ကြဘူး။ တချို့ကျတော့လည်း ပိုက်ဆံကတော့ ရှိပေမယ့် တပ်မတော်က ထုတ်တဲ့ဆေးက အကောင်းစားတွေများတယ်ပေါ့။ အဲ့ဒါကြောင့် လာပြီးတော့ဆေးလာကုသကြတာများပါတယ်။ နှလုံးသမားတွေဆိုလို့ရှိရင်လည်း ဆရာဝန်တွေက ECG စက်တွေရော ဘာတွေရော တစ်ခါတည်းဆိုတော့ ဒီမှာတစ်ခါထဲပြပြီးတော့ ဆေးလည်း တစ်ခါတည်းရလို့ ငွေကုန်လည်းသက်သာတယ်။ လူလည်းပင်ပန်းတာ သက်သာတာပေါ့။ မြို့တွေကို သွားစရာမလိုတော့ဘူးပေါ့။ ရောဂါဖြစ်ရင် ပုသိမ်သွားရတယ်။ ဟိုင်းကြီးသွားရတယ်။ အဲ့လိုမျိုးတွေ သွားရတာရှိတာပေါ့။ သွားရမယ်ဆိုရင် ကျွန်မတို့က ဒီကနေ ရှပ်ပြေးနဲ့ မိုးမလင်းခင်စီးပြီးသွားရပါတယ်။ ပုသိမ်ရောက်ရင်လည်း ချက်ချင်းပြလို့မရဘူး။ နောက်တစ်နေ့မှပြရပါတယ်။ ခရီးကြန့်ကြာပြီး ငွေလည်းကုန်ပါတယ်။ အခုကျတော့ ငွေလည်းမကုန်တော့ဘူး။ အခုလိုလာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ဆေးလာရောက်ကုသပေးတဲ့ ဆရာဝန်၊ဆရာမများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ နောက်နှစ်တွေကိုလည်းလာရောက်ကုသပေးဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောပြသည်။

"မျက်စိလာပြတာပါ။ မျက်စိက တိမ်သားတက်နေလို့ ခွဲစိတ်ရမယ်လို့ပြောပါတယ်။ ဆရာဝန်က သွေးသွားစစ်ခိုင်းတယ်။ သွေးစစ်ပြီးတော့မှ မျက်သားကိုခွဲစိတ်ပေးမယ်လို့ပြောပါတယ်။ အခုလို သွေးကို ဒီမှာတစ်ခါထဲ စစ်လိုက်တဲ့အခါကျတော့လည်း အဖြေတစ်ခါထဲ ထွက်တဲ့အခါကျတော့ မြို့ပေါ်ကို သွားစရာမလိုတော့ဘူးပေါ့။ မသွားရတဲ့အခါကျတော့ ဒီမှာတင်လုပ်ပေးတော့ ပိုပြီးတော့အဆင်ပြေတာပေါ့။ ဝမ်းသာတာပေါ့၊ အခုလိုမြန်မြန်ဆန်ဆန်လေးနဲ့အားလုံးအဆင်ပြေအောင်လုပ်ပေးတဲ့အတွက် ကျွန်တော်တို့အတွက်လည်း ငွေကြေးကုန်ကျစရိတ်အများကြီးသက်သာပါတယ်။လုပ်ငန်းတွေလည်းမပျက်ဘူးပေါ့။ အဲ့ဒါကြောင့် အရမ်းဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို ဆေးလာကုပေးတဲ့ တပ်မတော်သားအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလိုမျိုးကောင်းမွန်စွာ အထူးတလည်လာရောက်ကုသပေးတဲ့အတွက်ကိုလည်း အရမ်းကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ နောင်လည်း လာရောက်ကုသဖို့ဖိတ်ခေါ်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ခင်ဗျာ"ဟု ပြောပြသည်။ (၅၀၁)





# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို မန္တလေးပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၆ မျိုး ပါဝင်ယှဉ်ပြိုင်မည်



မန္တလေး ဖေဖော်ဝါရီ ၅

၇၈ နှစ်မြောက်ပြည်ထောင်စုနေ့အကြို မန္တလေး ပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါဒီဂရီကောလိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၂၅၂ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့၊ ကျောင်းအုပ်ကြီးတို့က အားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်များ ရွတ်ဆိုကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အားကစားအသင်းများမှ ကျောင်းသား၊ ကျောင်းသူများကို လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပန်းဖွားအက၊Zumbaအက၊အေရိုးဗစ်အက တို့ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် ၇၈ နှစ်မြောက်ပြည်ထောင်စုနေ့အကြို မန္တလာဒီဂရီကောလိပ်တွင် ကျင်းပသည့် ကျောင်းတွင်းအားကစားပြိုင်ပွဲ၌အားကစားနည်း ၁၆ မျိုး ပါဝင်ပြီး အားကစားနည်း အလိုက် သတ်မှတ်အားကစားကွင်းများ၌ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြိတ်မြို့တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

မြိတ်မြို့တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးတွင် အောင်ဖြိုးသူ(ခ) ဖြိုးငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၆ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဇော်နိုင်ဦး (ခ) ဆရာပွေး အား ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာ၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အောင်ဖြိုးသူ(ခ)ဖြိုးငယ်နှင့် ဇော်နိုင်ဦး(ခ)ဆရာပွေးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

၂၀၂၅ ခုနှစ်ဇန်နဝါရီလအတွင်း သတင်းရရှိမှု ၆၃ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ရှစ်ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၅၄ ကြိမ်ဖြစ်သည်။

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၈၁ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄ ဒသမ ၀၆၉ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၉၂၄ ဒသမ ၀၆၉ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၈၄ ဒသမ ၈၁၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.comသို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောင်မြို့နယ် မြစ်ဆုံရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခဲ့သည့်အတွက် အိမ်နှစ်လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြစ်ဆုံရွာကို ဖေဖော်ဝါရီ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲခဲ့သည့်အတွက် နေအိမ်နှစ်လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများထံသို့ ဆက်သွယ်မေးမြန်းချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်များအတွင်း အကြမ်းဖက်သမားများခိုအောင်းနေထိုင်မှုမရှိစေရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများအတွင်း ပစ်ခတ်တိုက်ခိုက်ခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းများပြုလုပ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လူသားတိုင်းအတွက်အလိုအပ်ဆုံး ရေသယံဇာတ ထိန်းသိမ်းရေး

**ကျွန်းသားငမန်း**

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကိုတွေ့ကြုံခဲ့ကြရသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့်ပုံမှန်မဟုတ်သော ရာသီဥတုဖောက်ပြန်မှုများကို တွေ့ခဲ့ရသည်။ အထူးသဖြင့် နွေကာလများတွင် အပူပြင်းထန်မှုကြောင့် မြစ်ချောင်းများ ရေခန်းခြောက်ကာ ရေရှားပါးမှုပြဿနာများကို တွေ့ကြုံခဲ့ကြရသည်။ ကမ္ဘာ့မြစ်ကြီးများသည်လည်း နှစ်ပေါင်း ၃၀ အတွင်း အခြောက်သွေ့ဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့လေထုပူပြင်းလာခြင်းသည် ကမ္ဘာ့ရေသံသရာစက်ဝန်းကို ပိုမိုခန့်မှန်းရခက်ခဲလာကြောင်းလည်း သိရသည်။

**ရေချိုနှင့်ရေငန်**

ကမ္ဘာပေါ်တွင် ရှိရှိသမျှရေများကိုသရုပ်ခွဲကြည့်ပါက ရေချိုနှင့်ရေငန်ဟူ၍နှစ်မျိုးသာရှိရာ သက်ရှိများအတွက် အသုံးအဝင်ဆုံးမှာ ရေချိုသာဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ရေထုအားလုံး၏ ၉၇ ရာခိုင်နှုန်းမှာ ပင်လယ်သမုဒ္ဒရာများနှင့် ဆားငန်ရေများဖြစ်ပြီး သုံးရာခိုင်နှုန်းသာ ရေချိုပမာဏဖြစ်သည်။ ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေငန်များသည် စိုက်ပျိုးရန်၊ သောက်သုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန် မရနိုင်ပေ။ သုံးစွဲနိုင်သော ရေချိုများသည်လည်း လူတို့နှင့် အလှမ်းကွာသော အရပ်ဒေသများတွင်ရှိပြီး ရေခဲတောင်၊ ရေခဲမြစ်နှင့် မြေအောက်ရေများဖြစ်ကြသည်။ ကမ္ဘာတစ်ဝန်းလုံးအနေဖြင့် သုံးစွဲနိုင်သော ရေချိုပမာဏသည် အလွန်ပင်နည်းပါးလှသည်။ ထို့ကြောင့် ရေသည် ကမ္ဘာပေါ်ရှိသယံဇာတများအနက် အဖိုးအတန်ဆုံးသောသယံဇာတဖြစ်ကြောင်းပြောရလျှင် မှားမည်မထင်ပေ။ သို့ရာတွင် လူအများသည် ရေ၏အရေးပါမှုကို သတိမထားကြပေ။ ယနေ့ကမ္ဘာ့လူဦးရေတိုးပွားလာခြင်း၊ လူမှုဘဝတိုးတက်မြင့်မားလာမှုကြောင့် ရေသုံးစွဲမှုပိုမိုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲလာခြင်း၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံ၊ အလုပ်ရုံ စသည်များက ရေကိုပိုမိုသုံးစွဲခြင်းနှင့် စီမံခန့်ခွဲမှုအားနည်းသောနိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်းအပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့ပါးလာနေသည်။ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်ထိ ရေချိုရှားပါးမှုကို ခံစားနေရကြောင်း သိရသည်။ အထူးသဖြင့် ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ခြင်း၊ မြို့ပြများတွင် စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသည့် ရေဆိုးစွန့်ပစ်မှုကို စနစ်တကျမပြုလုပ်ခြင်း၊ မိလ္လာစနစ်များ စနစ်မကျခြင်းနှင့် အမှိုက်များကို မဆင်မခြင်စွန့်ပစ်ခြင်း စသည်များကလည်း ရေချိုအရင်းအမြစ်ပျက်စီးရခြင်း၏အကြောင်းရင်းများဖြစ်သည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအချို့တွင် နွေရာသီရောက်လျှင် မြစ်များ ရေခန်းခြောက်ခြင်း၊ ရေတွင်းများ ရေခန်းခြောက်ခြင်း၊ စက်မှုစွန့်ပစ်အမှိုက်များကြောင့် ရေထုညစ်ညမ်းမှုများရှိသဖြင့် ရေချိုသုံးစွဲနိုင်မှုနည်းပါးလာနေကြောင်း လေ့လာသိရသည်။ ဆိုရလျှင် ရေထုညစ်ညမ်းမှုသည် ရေချိုအရင်းအမြစ်များကို ပျက်စီးစေကာ ရေသုံးစွဲနိုင်မှုကို လျော့နည်းစေသည့် အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။

**ရေချို၏အရေးပါမှု**

ရေချိုသည် လူနှင့်တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက်လည်းကောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက်လည်းကောင်း မရှိမဖြစ် အရေးပါသည့်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ရေချိုသုံးစွဲခြင်းနှင့်ပတ်သက်၍ လူသားတို့အနေဖြင့် သောက်သုံးခြင်းနှင့် အခြားသောအထွေထွေအသုံးပြုခြင်းအတွက် ရှစ်ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးအတွက် ၇၀ ရာခိုင်နှုန်း၊ စက်ရုံအလုပ်ရုံများအတွက် ၂၂ ရာခိုင်နှုန်းကို အသုံးပြုကြကြောင်းလည်း သိရသည်။ ယနေ့ကမ္ဘာတွင် လူဦးရေအဆမတန်တိုးပွားလာသောကြောင့် စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့စိုက်ပျိုးနေရပြီး စက်မှုလုပ်ငန်းများမှာလည်း အစဉ်သဖြင့် တိုးတက်များပြားလာနေသည်။ ရေသုံးစွဲမှုပမာဏမှာ ၁၉၅၀ ပြည့်



လွန်နှစ်များကစ၍ နှစ်စဉ်တိုးတက်လာနေသည်ဟုလည်း သိရသည်။ ကမ္ဘာ့နိုင်ငံ ၁၉၁ နိုင်ငံအနက် ၁၀ နိုင်ငံကသာ ကမ္ဘာ့ရေအရင်းအမြစ်၏ ၆၅ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။ ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ခန့်မှန်းချက်အရ ကမ္ဘာ့ရေချို၏ တစ်ရာခိုင်နှုန်းထက်နည်းသော သို့မဟုတ် ကမ္ဘာ့ရေထု၏ တစ်သိန်းပုံခုနစ်ပုံကိုသာ လူသားတို့သုံးစွဲနိုင်ကြောင်း ခန့်မှန်းထားသည်။ ရေချိုတွင်လည်း သန့်ရှင်းသောရေနှင့်ညစ်ညမ်းသောရေဟူခွဲခြားထားပြန်သေးရာ ယနေ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေသန့်ဖြစ်ကြောင်း ပညာရှင်များက သတိပေးလာကြသည်။ ကမ္ဘာကြီးတွင် ရေအရင်းအမြစ်များ တဖြည်းဖြည်း ယုတ်လျော့နည်းပါးလာသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ တိုးပွားလာနေခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာသဖြင့် ရေသုံးစွဲမှုပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှုအားနည်းသော နိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတများ ယုတ်လျော့လာခြင်းတို့မှာလည်း ရေအရင်းအမြစ်များ လျော့ပါးလာခြင်း၏ အကြောင်းရင်းများပင်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့် ရောဂါများနှင့်ရင်ဆိုင်ရနိုင်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဒေသများ၌ ရေလိုအပ်ချက်ရှိလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သုံးသပ်ထားသည်။

**လူတို့အတွက်ရေ**

ရေသည် သက်ရှိတို့အတွက် မရှိမဖြစ်သော သယံဇာတတစ်မျိုးဖြစ်သည်။ သက်ရှိဆိုရာတွင် လူအပါအဝင် အပင်၊ တိရစ္ဆာန်နှင့်အင်းဆက်ပိုးမွှားများလည်း ပါဝင်သည်။ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်"ဟူသည့်ဆိုရိုးစကားပင်ရှိသည်။ ထမင်းမစားရလျှင် ခုနစ်ရက်အသက်ရှင်နိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်ပင် အသက်မရှင်နိုင်ဟုဆိုခြင်းဖြစ်သည်။ ဤအဆိုမှာမှန်၏။ လူတစ်ယောက်၏ခန္ဓာကိုယ်သည် ရေဓာတ်များဖြင့် ပါဝင်ဖွဲ့စည်းထားဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေပမာဏ ငါးရာခိုင်နှုန်းလျော့နည်းပါက ရေငတ်ဝေဒနာကို ခံစားကြရပေမည်။ ထို့ထက်ပို၍ ၁၀ ရာခိုင်နှုန်းလျော့နည်းသွားပါက သေဆုံးသည်ထိဖြစ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် မှန်ကန်သော ရေဓာတ်ကိုထိန်းသိမ်းထားရန်မှာ ကျန်းမာရေးအတွက် အရေးအကြီးဆုံးဖြစ်သည်။ ရေသည် ဇီဝကမ္မဖြစ်စဉ်များအတွက် ကြားခံအဖြစ် ခန္ဓာကိုယ်၏အပူချိန်ကို ထိန်းညှိပေးခြင်း၊ အစာခြေခြင်းကို လွယ်ကူချောမွေ့စေပြီး အာဟာရဓာတ်နှင့်အောက်စီဂျင်ကိုဆဲလ်များဆီသို့ ပို့ဆောင်ပေးသည်။ ရေဓာတ်မလုံလောက်ခြင်းကြောင့် လူ့ခန္ဓာကိုယ်သည် ရေဓာတ်ခန်းခြောက်ပြီး အသက်ကိုအန္တရာယ်ပြုနိုင်သည်။

**ရေသယံဇာတထိန်းသိမ်းရေး**

မြန်မာနိုင်ငံသည် မြစ်ချောင်းများ၊ အင်းအိုင်များ၊ သဘာဝရေထွက်များ စသည့်ပုံစံအမျိုးမျိုးဖြင့် ရေချိုအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှု၏အကျိုးဆက်ကို သိသိသာသာ ခံစားနေရပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ ရေဝေရေလဲဒေသများကို ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းကြောင့် ရေအရင်းအမြစ်များဆုံးရှုံးနေရသည်။ နွေကာလမရောက်မီကပင် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ရေတွင်း၊ ရေကန်များ ခန်းခြောက်လာသည်။ ဆည်မြောင်း၊ တာတမံများတွင် ရေနည်းပါးခြင်းနှင့်ရင်ဆိုင်လာရသည်။ မြန်မာနိုင်ငံသည် ရေသယံဇာတပေါများသည့်နိုင်ငံတစ်ခုဖြစ်သော်လည်း နွေရာသီသို့ရောက်ရှိပြီး အပူချိန်မြင့်မားလာသည်နှင့်အမျှ ရေရှားပါးခြင်းကိုကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းတွင်သာမက ရခိုင်ပြည်နယ်ကဲ့သို့ မိုးများသည့်နေရာဒေသများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်အခြားဒေသများတွင်ပါ သောက်သုံးရေအတွက် အခက်တွေ့နေကြရသည်။ ဤဖြစ်စဉ်မှာ နှစ်စဉ် နွေရာသီရောက်တိုင်း ကြုံတွေ့နေကြရခြင်းဖြစ်သည်။

**မြေအောက်ရေထိန်းသိမ်းရေး**

ကမ္ဘာတစ်ဝန်းလုံး၌ စိုက်ပျိုးရေနှင့်သောက်ရေ၊ သုံးရေအတွက် မြေအောက်ရေကိုလည်း အားထားရသည်။ မြေအောက်ရေဆိုသည်မှာ မြေမျက်နှာပြင်အောက်မြေလွှာရှိ သဲ၊ ကျောက်စရစ်အတွင်း၌သော်လည်းကောင်း၊ ကျောက်လွှာကျောက်ကြားများအတွင်း၌သော်လည်းကောင်း စိမ့်ဝင်ခိုအောင်းနေသော ရေဖြစ်သည်။ သုံးရေ၊ သောက်ရေများအတွက် မြေအောက်ရေများကို ထုတ်ယူသုံးစွဲလျက်ရှိနေကြခြင်း၊ မြို့ပြများတိုးချဲ့မှုနှင့် မြေအောက်ရေကို အတိုင်းအဆမရှိထုတ်ယူနေခြင်းတို့သည် မြေအောက်ရေအရင်းအမြစ်ကို ထိခိုက်လာနေကြောင်း သိရသည်။ မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် နေရာဒေသအချို့၌ မြေအောက်ရေလွှာမှ ရေထွက်နှုန်းကျဆင်းလာခြင်း၊ မြေပေါ်မျက်နှာပြင်များ နိမ့်ကျသွားခြင်း၊ မြေကျွံကျခြင်းဖြစ်စဉ်များ ဖြစ်ပေါ်လာကြောင်းလည်း သိရသည်။ မြေအောက်ရေကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းသည် ရေရှည်တွင် မြေအောက်ရေမျက်နှာပြင်များ နိမ့်ကျခြင်းနှင့်အတူ မြေအောက်ရေရှားပါးခြင်းကိုလည်း ကြုံတွေ့ရမည်ဖြစ်သည်။ မြေအောက်ရေမျက်နှာပြင် နိမ့်ကျခြင်းနှင့်အတူ မြေမျက်နှာပြင်နိမ့်ကျမှုများကို အာရှမြို့ကြီးများဖြစ်သော ဂျကာတာ၊ ဘန်ကောက်၊ ဒါကာနှင့် မနီလာမြို့ကြီးများ၏နေရာအချို့တွင် ကြုံတွေ့ရင်ဆိုင်နေကြရပြီ ဖြစ်ကြောင်းလည်း သိရသည်။

**ရေအရင်းအမြစ်များထိန်းသိမ်း**

ရေသည် သက်ရှိများအတွက် အရေးကြီးလိုအပ်သည်။ ရေသည် သက်ရှိသတ္တဝါများအတွက် အရေးအပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည်မဟုတ်ပေ။ ထို့အတူ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်သည်။ ရေသည်စိုက်ပျိုးမွေးမြူရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ကောက်ပဲသီးနှံများစိုက်ပျိုးရေး၊ လူသားများအတွက် မရှိမဖြစ်လိုအပ်သည့် ပရိုတင်းဓာတ်အရင်းအမြစ်များဖြစ်သည့် မွေးမြူရေးတိရစ္ဆာန်များမွေးမြူရန် ရေကိုမှီခိုနေကြရသည်။ သို့ဖြစ်ရာ ရေသည် လူသားတို့၏စားဝတ်နေရေးအတွက် အခြေခံအုတ်မြစ်လည်း ဖြစ်နေပြန်သည်။ ယနေ့အခါတွင် ကမ္ဘာလူဦးရေတိုးတက်များပြားလာမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်များပြားလာနေသည်ဖြစ်ရာ ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ဆိုရလျှင် သန့်ရှင်းသောရေရရှိရေးသည် လူနေမှုဘဝတိုးတက်ရေးအတွက် အရေးပါသောအချက်ဖြစ်သည်။ ရေကို စိုက်ပျိုးရေးကဏ္ဍတွင်လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းအမျိုးမျိုးတွင်လည်းကောင်း၊ လူတို့၏သုံးစွဲရေနှင့် သောက်သုံးရေအတွက်သော်လည်းကောင်း သုံးစွဲလျက်ရှိနေကြသည်ဖြစ်ရာ ရေအရင်းအမြစ်များ ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။

**ကိုးကား**


- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှထုတ်ပြန်သည့် သတင်းအချက်အလက်များ၊**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ဆီသည်မ၏ လက်သုတ်ပဝါ

ကနောင်(ပခန်းမြေ)



(၁)

"အဟွတ် အဟွတ် အဟွတ်"

ညသည် မှောင်မိုက်၍ တိတ်ဆိတ်နေသော်လည်း မယဉ်အေး၏ ချောင်းဆိုးသံက အဆက်မပြတ်ကြားနေရ၏။ အမှိုက်တောထဲမှ ကောက်လာသည့် ဆိုလာမီးအိမ်မှိန်အစုတ်ကလေးကို ဖွင့်၍ အိပ်ရာဘေးတွင်ထားသည့် လျက်ဆားထုပ်ကို ယူပြီး မယဉ်အေးသည် မန်ကျည်းတစ်စေ့စေ့နဲ့ လျက်လိုက်၏။ ထို့နောက် ရေတစ်ခွက်ကိုခပ်၍ ဂွတ်ခနဲ မော့သောက်လိုက်သည်။ ချောင်းဆိုးဝေဒနာသည် တဒင်္ဂသက်သာသွားသည်ထင်ရ၏။ မယဉ်အေးထံမှ ချောင်းဆိုးသံတို့ တိတ်ဆိတ်ငြိမ်သက်သွားလေပြီ။

မယဉ်အေး၏ဘေးတွင် သားနှင့်သမီးတို့သည် နှစ်ခြိုက်စွာ အိပ်မောကျ၍ နေလေ၏။ သမီးဖြစ်သူ အေးမြက ဆယ့်သုံးနှစ်၊ သားဖြစ်သူ ငတွတ်က ဆယ်နှစ်မို့မောင်နှမနှစ်ယောက်သည် အသက်အားဖြင့် သုံးနှစ်ကွာကြ၏။

မယဉ်အေးကဲ့သို့ မုဆိုးမတစ်ယောက်အတွက် အားကိုးအားထားရာဆို၍ သားနှင့်သမီးသာ အားနှင့်ထီးပမာ အဖော်ပြုကာနေရရှာ၏။ အပြင်မှ လေတိုးသည့်အခါ အနည်းငယ်အေးစိမ့်စိမ့် ခံစားရသည်။ လွတ်နေသော စောင်အစုတ်ကလေးတစ်ထည်ကို သားနှင့်သမီး အပေါ်သို့မယဉ်အေးလွှမ်းခြုံ၍ပေးလိုက်သည်။ ထိုအခိုက်တွင် ငတွတ်က တအင်းအင်း တအဲအဲနှင့် လူးလိမ့်၍ ယောင်နေလိုက်သေး၏။

"မမ အမေ့ကို မတိုင်ပါနဲ့နော်။ နောက်တစ်ခါ မလုပ်တော့ပါဘူး ကတိပေးတယ်။ ကတိ ကတိ "

"အို သားလေးငတွတ် ဘာတွေများယောင်နေရှာပါလိမ့်။ ကတိ ကတိ တဲ့။ လက်သန်းချင်းတောင် ချိတ်ဖို့ လုပ်နေလိုက်သေး"ဟု မယဉ်အေးသည် အတွေးတစ်စနှင့်ဆက်၍အိပ်မရ။ ငတွတ် တစ်ယောက် ဘာမဟုတ်တာများ လုပ်ထားလေသည် မသိ။ မနက်နိုးမှပင်ချော့၍ မေးရပေဦးမည်။

(၂)

"ငတွတ် နင်အဲလိုလုပ်တာတွေ ငါမကြိုက်ဘူးနော်။ အမေ့ကို တိုင်ပြောမှာ။ သွား အခုပြန်ထားလိုက်စမ်း"

အစ်မဖြစ်သူ အေးမြက ခြေဆော့လက်ဆော့နိုင်လွန်းသည့် မောင်ဖြစ်သူငတွတ်ကို ဆူပူကြိမ်းမောင်းနေ၏။ ယခုနောက်ပိုင်းတွင် ငတွတ်တစ်ယောက် အကျင့်ပျက်လာသည်။ လိမ္မာစေလို၍ ကျောင်းထားခဲ့သော်လည်း ငတွတ်ပြောင်းလဲ၍မလာ။ ယခုလည်းကြည့် သူများအိမ်က လျှော်ဖွပ်လှန်းထားသည့် အင်္ကျီလုလုကလေးကို သူလိုချင်၍ အလစ်သုတ်ပြီးယူလာသည်။ အစ်မဖြစ်သူအေးမြက သူတစ်ပါးပစ္စည်းဥစ္စာကို အချောင်လိုချင်သည့် မောင်ဖြစ်သူ၏ လုပ်ရပ်ကိုမကြိုက်၍ "အမေ့ကိုတိုင်ပြောမည်"ဟု ပြောသည်။ ငတွတ်ကလည်း အစ်မဖြစ်သူကို ပြန်ပြောချေ၏။

" မမကလဲ ကျွန်တော်လိုချင်လို့ ယူတယ်ဗျာ ဘာဖြစ်လဲ။ ကျွန်တော်ဝတ်ဖို့ဆိုပြီး မမဝယ်ပေးဖူးသလား။ အမေကရော အခုဆို ဘာတွေများ ဝယ်ပေးလဲပြော"

ဟုတ်တော့လည်း ဟုတ်သည်။ မယဉ်အေးက ပန်းနာရင်ကျပ်ရောဂါရှိ၏။ ခင်ပွန်းဖြစ်သူဆုံးသည့်နောက်ပလုံကောက်၍ ဝေဒနာတစ်ဖက်ဖြင့် ငွေရှာရသည်။ မယဉ်အေးရှာသည့်ပိုက်ဆံမှာ မိသားစုသုံးယောက်အတွက် စားဝတ်နေရေးပင် အနိုင်နိုင် ဖို့လျှံသည်မရှိ။ မယဉ်အေးကို ကူဖို့အတွက် သမီးဖြစ်သူ အေးမြကျောင်းထွက်လိုက်ရသည်။ မောင်ဖြစ်သူ ငတွတ်ကိုသာ ကျောင်းပညာကိုဆက်၍ သင်ယူစေခဲ့သည်။ အေးမြကမူ မိခင်ဖြစ်သူမယဉ်အေးနှင့်အတူ နံနက်မိုးလင်းသည်နှင့် ဝီနံအိတ်ကိုယ်စီလွယ်ပြီး အမှိုက်ကောက် ထွက်ကြရ၏။ ကျောင်းပိတ်ရက်များတွင် ငတွတ်က အေးမြနှင့်အတူ အမှိုက်ကောက်လိုက်တတ်၏။ သို့သော် ငတွတ်ပါသည့်ရက်များမှာ အမှိုက်သိပ်မရ "ဟိုရပ်ကွက်မသွားနဲ့ ဒီရပ်ကွက်ကိုရှောင် သားသူငယ်ချင်းတွေရှိတယ်" စသည်ဖြင့် ပြောဆိုတားမြစ်၍ အမှိုက်ကောင်းကောင်းရှာမရ ဖြစ်တတ်၏။

"ကျောင်းမှာဆို အတန်းဖော်တွေက စကြနောက်ကြတယ်မမရ။ သားကိုအမှိုက်ကောက်သမားလေး အင်္ကျီတွေကလဲ ပေစုတ်နံစော်နေတာပဲတဲ့"

ကြာတော့ ငတွတ်က ကျောင်းသွားရမှာ ရှက်လာသည်။ ကျောင်းပြေးတတ်လာ၏။ကျောင်းမသွားဘဲ သံလမ်းဘေးမှာ အပေါင်းအဖော်များနှင့်ဆော့နေသည်ကိုလည်း အေးမြတွေ့ဖူးသည်။ ကျောင်းပြေးရာကနေအပေါင်းအဖော်တချို့နှင့် သံလမ်းဘေးလှန်းထားသည့် အဝတ်အထည်ကောင်းသည်များတွေ့လျှင်လွယ်အိတ်ထဲထည့်၍ ဖွက်ယူလာတတ်သည်။ သူယူလာတတ်သည်မှာ သူ့အရွယ်ဝတ် အင်္ကျီ ဘောင်းဘီများသာဖြစ်၏။ ထိုသို့ ငတွတ် အကျင့်ပျက်လာသည် ကိုအေးမြ သတိထားမိခဲ့သည်။ အိမ်က ဝယ်မပေးနိုင်၊ မဆင်ပေးနိုင်သည့်အတွက် သူလိုချင်သည်ကို သူ့နည်းသူ့ဟန်ဖြင့် ရယူနေခြင်းဖြစ်၏။ အကြီးဖြစ်သည့် အေးမြသည် အစ်မပီပီ ချော့တစ်ဖုံ၊ ခြောက်တစ်နည်းဖြင့် ပြောရဆိုရသည်ကလည်းအမော။

"ငတွတ် ငါတို့တွေ အတိတ်ဘဝက ကုသိုလ်ကံနဲ့ခဲ့လို့ ဒီဘဝ အခုလို ဆင်းဆင်းရဲရဲ နေနေရတယ်၊ ဒီဘဝလဲကုသိုလ်ရေးအားနည်းပြီး အခုလိုပဲသူတစ်ပါးပစ္စည်းဥစ္စာကိုခိုးယူနေမယ်ဆိုရင် နောက်ဘဝတွေကြလဲ ထပ်ပြီးဆင်းဆင်းရဲရဲနေနေရအုံးမှာပဲ၊ သူများပစ္စည်းဥစ္စာကို မပေးဘဲ မယူချင်ပါနဲ့ဟာ၊ မပေးဘဲယူတာဟာ ခိုးမှုမြောက်တယ်။ နင် ဒီအကျင့်တွေကို ဘယ်ကနေတတ်လာတာလဲ ငတွတ်ရယ်။ မကောင်းတဲ့အကျင့်တွေကို နင်ဆက်လုပ်နေမယ်ဆိုရင် ငါ အမေ့ကို တိုင်ပြောတော့မှာနော်"

ထိုသို့ အေးမြပြောသည့်အခိုက်မှာ ငတွတ်သည် မျက်နှာငယ်ကလေးနှင့် ပြန်ပြောရှာသည်။

"မမ အမေ့ကို မတိုင်ပါနဲ့နော်။ နောက်တစ်ခါ မလုပ်တော့ပါဘူးနော် ကတိပေးတယ်။ ကတိ ကတိ"

ငတွတ်သည် အစ်မဖြစ်သူအေးမြကို ကတိပေးပြီး လက်သန်းလေးချင်း ချိတ်ဖို့ ကွေး၍ပေးသည်။ အေးမြကလည်း သူ့လက်သန်းလေးကို ချိတ်ပမာကွေးကောက်ပြီး ငတွတ်လက်သန်းနှင့်ချိတ်လိုက်သည်။ ပြီးမှ ငတွတ်ကို မကောင်းတဲ့အကျင့်တွေ ထပ်၍ မလုပ်ရန်နှင့် အမေ့ကိုတိုင်မည်ဟု ခြိမ်းခြောက်စကားဆို၏။

"နင် မဟုတ်တာတွေ ခဏခဏလုပ်ပြီးရင် ကတိတွေအကြိမ်ကြိမ်ပေးပြီး မတည်တာလဲ များနေပြီနော် ငတွတ်။ ဒီတစ်ခါထပ်ပြီး ခွေးမြီးကောက် ကျည်တောက်စွပ်လုပ်လို့ကတော့ နင့် ကျောပြင်အမေ ဖြောင်းကြီးတာ ခံရမယ်သာမှတ် "

"အေးပါ မမရာ မလုပ်တော့ပါဘူးဆို။ လာ မမ ဟိုဘက်ရပ်ကွက်က အမှိုက်ပုံကို ငါတို့သွားမွှေကြရအောင်"

(၃)

"ဟိတ် ကလေး ဘာတွေ မွှေနေတာလဲ ဖမ်း ဖမ်းကြစမ်း"

ငတွတ် ဂိုထောင်ထဲမှ ပြေးထွက်မည်လုပ်သောအခါ လူတွေ့သွားရခြင်းဖြစ်၏။ မလွယ်ပေါက်မှ တိုးထွက်ရန်ကြိုးစားသော်လည်း ကုန်စုံဆိုင်ဝန်ထမ်းများ၏ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးမှုကြောင့် ငတွတ် အဖမ်းခံခဲ့ရလေပြီ။ ငတွတ်သည် သူ့ကျောင်းလွယ်အိတ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ဖက်ထားပြီး တုန်တုန်ယင်ယင်နှင့် မျက်လုံးကလေး ပေကလတ်ပေကလတ်ဖြစ်လျက် ကြောက်နေရှာသည်။ ငတွတ်၏ ကျောင်းလွယ်အိတ်ထဲမှလည်း ခေါက်ဆွဲခြောက်နှင့်မုန့်ထုပ်များကိုတွေ့ရ၏။ သူစားချင်သည်များကို ဖာထဲမှရွေးထုတ်ယူထားခြင်းဖြစ်၏။

ငတွတ်ကို ရပ်ကွက်လူကြီးအိမ်ပို့ကြသည်။ ရပ်ကွက်လူကြီးမှတစ်ဆင့် ငတွတ်၏မိဘ အုပ်ထိန်းသူကိုမေးမြန်းစုံစမ်း၍ ဆင့်ခေါ်ခိုင်း၏။ ရပ်ကွက်လမ်းထိပ် ဆီဆိုင်အိမ်မှ အဝတ်လျှော်ရန် ခေါ်ထား၍ သွားဖို့ပြင်နေသော မယဉ်အေးသည် အမှိုက်ကောက်ရာမှပြန်လာသော သမီးအေးမြကို ငတွတ်အကြောင်းရှင်းပြပြီး တစ်ဖက်ရပ်ကွက်သို့ လိုက်သွားရမည့်အကြောင်း ပြော၏။

"သမီးအေးမြရယ် ဆီဆိုင်အိမ်ကို သမီးပဲ အဝတ်သွားလျှော်ပေးလိုက်တော့နော်။ အမေမလာနိုင်လို့ သမီးကိုလွှတ်လိုက်တာလို့ပြော။ ပြီးရင် ခိုင်းတာလုပ်ပြီး ပေးတာ ယူလာခဲ့ကြားလား သမီး"

"ဟုတ်ကဲ့ အမေ၊ သမီး သွားလိုက်ပါ့မယ်"

မယဉ်အေးသည် ငတွတ်ကိစ္စကိုဖြေရှင်းရန် တစ်ဖက်ရပ်ကွက်သို့ လိုက်သွားရ၏။ နာမည်က ယဉ်အေးဆိုသော်လည်း လက်တွေ့ဘဝမှာဖြင့် ရင်မအေးရရှာပေ။ မယဉ်အေးထွက်သွားပြီးနောက် အေးမြလည်း ရင်လေးစွာဖြင့် အမှိုက်အိတ်ကို ခြစ်ညီးရိုးဘေးချလိုက်ပြီး ရေတစ်ခွက်ကိုခပ်၍သောက်လိုက်သည်။ အမောပြေဖို့ ရေသောက်သော်လည်း အမေပြောထားသည့်အတွက် တဘက်အဟောင်းကလေးကို ခေါင်းပေါ်တင်လျက်ဆီဆိုင် အိမ်သို့ အဝတ်လျှော်ရန်ထွက်ခဲ့တော့သည်။ နေသည်ပူ၏။ နေပူသည်ထက် ဘဝ၏ သောကများက ပို၍ ပူလောင်သည်ဟု အေးမြခံစားရသည် မဟုတ်ပါလား။

(၄)

" သမီး အဝတ်တွေ လျှော်ပြီးပြီ အန်တီ။ နေပူထဲ လှန်းထားခဲ့ပြီ"

"ဟုတ်လား သမီး။ မေ့နေတာ တစ်လက်စထဲ ဟောဒီ လက်သုတ်ပဝါလေးတွေပါ လျှော်ပေးသွားပါအုံး။ ဆီတွေသုတ်ထားတော့ ပေကျံညစ်ပတ်နေတာ။ ဆပ်ပြာနဲ့ အတတ်နိုင်ဆုံး ပြောင်စင်အောင် လျှော်ပေးသွားနော် သမီး။ ရော့ရော့ ဒီအအေးနဲ့ မုန့်က သမီးစားဖို့"

"ဟုတ်ကဲ့ပါ အန်တီ။ သမီးရေနွေးစိမ်ပြီး ဆပ်ပြာနဲ့ သေချာ လျှော်ဖွပ်ပေးခဲ့ပါ့မယ်"

ဆီတွေပေကျံနေသည့် လက်သုတ်ပဝါများကို ရေနွေးပူပူဖြင့် နာရီဝက်ခန့် အေးမြစိမ်လိုက်သည်။ ဆီသည်အိမ်မှ ကျွေးသည့်မုန့်နှင့်အအေးကို တစ်ဝက်ခန့်စားသောက်လိုက်ပြီး ကျန်တစ်ဝက်ကို မောင်ကလေး ငတွတ်စားရန် ချန်ထားလိုက်၏။

ဆီပေပဝါများကို ဆပ်ပြာဖြင့်သေချာပွတ်တိုက်၍ လျှော်ဖွပ်ပေးသည်။ အညစ်အကြေးများ ကင်းစင်နည်းပါးသွားသောကြောင့် ဆီပေပဝါများ အရောင်ပြန်လတ်လာသည်။ မူလအနေအထားပမာ လုံးဝ မတောက်ပြောင်နိုင်သော်လည်း အညစ်အကြေးများ ကင်းစင်နည်းပါးသွားခြင်းက ဆီသည်မ၏လက်သုတ်ပဝါများကို အနည်းငယ် ပေါ်လွင်တောက်ပြောင်လာစေသည်။ ဆီပေပဝါများကို လျှော်ဖွပ်လျက် အေးမြတွေးနေမိသည်။

ညစ်ပတ်ပေကျံနေသောဆီသည်မ၏ လက်သုတ်ပဝါများပင် လျှော်ဖွပ်၍ အရောင်ပေါ်လွင်နိုင်စွမ်းရှိနေပါသေးလျှင်မကောင်းသည့် အပြုအမူအကျင့်ဆိုးများစွဲကပ်နေသည့် မောင်လေးငတွတ်၏ အဖြူထည်စိတ်ကလေးကိုလည်း ရိုင်းရာမှယဉ်လာအောင်၊ ဆိုးရာမှလိမ္မာလာအောင် ဆုံးမသွန်သင်ပြုပြင်ပေးနိုင်မည်ဆိုလျှင် ငတွတ်၏စိတ်ထားသည် ပြန်လည်၍ စင်ကြယ်ကာ ကောင်းမွန်လာနိုင်စွမ်းရှိမည်ဟု အေးမြတစ်ယောက် သက်ဝင်ယုံကြည်နေမိတော့သည်။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၀၂၃ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၅၁၁၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ၅၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။မုန်ညင်း၊ ငရုတ်၊နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးခဲ့ပါတယ်။ တောင်သူတွေ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက် သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သောကြောင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်သီးနှံကို ယခုထက်ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလက ကင်းမွန်ပိဿာ ချိန် ၅၀၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကင်းမွန်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိဿာလျှင် ၂၁၀၀၀ မှ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ဖျာပုံဒေသကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကင်းမွန်တွေ အဝင်များနေပါတယ်။ အရင်ကထက်လဲ တင်ပို့အားတက်ခဲ့ပါတယ်။ပွင့်လင်းရာသီ ရောက်လာတာနဲ့မျှ အခုထက် ပိုမိုတင်ပို့ရောင်းချရဖို့ရှိပါတယ်။ ဒီဇင်ဘာလထက် ဇန်နဝါရီလအတွင်း ကင်းမွန်ပိဿာချိန် တော်တော်များများ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကုန်များများ တင်ပို့ရောင်းချရတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေ အဆင်ပြေတာတွေ့ရပါတယ် ''ဟု ဖျာပုံမြို့နယ်ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။



ကင်းမွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ဆက်လက်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်များ ရောင်းအား ကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နီလာဝင်းကရပ်မိရပ်ဖများ၊အသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ စီမံကိန်းအကြောင်းအရာများ၊ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊အရင်း၊အတိုးပေးဆပ်ရမည့်ကာလသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဥယျာဉ်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၁၆၂ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

## ညီကြစေချင် မြန်တစ်ခွင်

\- နှင်းနဲ့မြူလည်း
ကြည်ဖြူတွဲယှဉ် ဆောင်းနေ့ရက်ကို
စုတ်ချက်ပန်းချီ ဆေးစက်ပီအောင်
မှုန်ရီပြမှိုင်း လွမ်းအုပ်ဆိုင်းကာ
ရှုတိုင်းသာဖို့ ဆင်ကြသည်။

\- တောနဲ့တောင်လည်း
ရွှေရောင်မြလွှာ ဆေးစပ်ကာဖြင့်
သာယာအေးမြ သဘာဝကို
ဟောပြည့္ခနဲ့ဆို အလှပိုဖို့
ကြိုးဆိုတူတွဲ ယှဉ်ကြသည်။

\- ကျေးငှက်စုံလည်း
တောဘုံတောင်နန်း ဝဲပျံသန်းပြီး
စံမြန်းတူညီ ချိုးတေးသီကာ
တောဂီတမျိုး သံစဉ်ပျိုး၍
ကြည်ဖြိုးရွှင်မြ ယဉ်ကြသည်။

\- တို့ပြည်သားလည်း
မခြားညီတူ နှင်းနဲ့မြူသို့
တစ်မူဆောင်နွှော တောင်နဲ့တောသို့
သာမောဖွယ်ဘုံ ကျေးငှက်စုံသို့
လွမ်းခြုံမေတ္တာ အကြင်နာနဲ့
တူစွာယှဉ်တွဲ အလှမြဲပြီး
မခွဲမခွာ တို့ပြည်သာအောင်
ညီညာဆောင်ဖို့ သင့်ပါ့တကား။ ။

လွမ်းလေးကို(သရက်)

# လင်းခေးမြို့နယ် မအွန်လောင်းကျေးရွာ၌ ကုန်ထုတ်လမ်းသဲဖြုန်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် မအွန်လောင်းကျေးရွာ ကုန်ထုတ်လမ်းသဲဖြုန်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မအွန်လောင်းကျေးရွာ ကုန်ထုတ်လမ်းသဲဖြုန်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မအွန်လောင်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ သဲဖြုန်းခင်းခြင်း လုပ်ငန်းကို ပြည်နယ်ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၆သန်း အသုံး၍ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇန်နဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးခရိုင် ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။

**အေးသူ**

**၇၈နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး**

# ပြည်ထောင်စုစိတ်ဓာတ်နှင့် တည်ငြိမ်အေးချမ်းသောနိုင်ငံ

"ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့် တိုင်းများကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံ" ဖြစ်ကြောင်း မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကိုလေ့လာသိရှိရသည်။ မြန်မာနိုင်ငံသည် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသော နိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင် ရေမြေပိုင်နယ်နိမိတ်များ ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် မိမိကိုယ်ကို မြန်မာတိုင်းရင်းသားများအဖြစ်ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နေသောလူမျိုးများဖြစ်သည်။

**ဝံသာနုရက္ခိတတရားနှင့်အညီ**

ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ တစ်မြေတည်းနေတစ်ရေတည်းသောက် တိုင်းရင်းသားများစွာနေထိုင်ခဲ့ကြသည်။ သာဓကအနေဖြင့် ပုံတောင်ပုံညာဒေသမှ တွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းများသည် မြန်မာ့မြေပေါ်တွင် နှစ်ပေါင်းသန်းလေးဆယ်လောက်ကပင် ရှေးဘိုးဘွားမြန်မာများ နေထိုင်ခဲ့ကြောင်းကို သက်သေပြလျက်ရှိသည်။ ထိုအချက်သည်" လူသားမျိုးနွယ်အစမြန်မာက" ဟူ၍ပင် ယူဆနိုင်ပေသည်။ ပြည်ထောင်စုကြီးဟုခေါ်ဆိုသည့် ဤမြေပေါ်တွင် နယ်မြေဒေသအလိုက် ဘာသာစကား၊ ဓလေ့စရိုက်နှင့် လူမျိုးအခေါ်အဝေါ်အသီးသီးအမည်တွင်လျက်ရှိသော်လည်း မြန်မာတိုင်းရင်းသားအားလုံးသည် ရှေးပဝေသဏီကပင် ဝံသာနုရက္ခိတတရားနှင့်အညီ ထာဝရလက်တွဲနေထိုင်ခဲ့ကြသည့် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများဖြစ်ကြသည်။

တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် မြန်မာတို့၏ သမိုင်းအစဉ်အလာထွန်းပြောင်ခဲ့သည်။ ထိုစဉ်က မြန်မာတို့သည် ကိုယ်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် တင့်တယ်စွာနေထိုင်ခဲ့ကြသည်။ ကိုယ်ပိုင်အမျိုးသားစာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကိုထူထောင်ခဲ့ကြသည်။ ပြည်ပကျူးကျော်မှုမှန်သမျှကိုလည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် တွန်းလှန်နိုင်ခဲ့သည်။

**သမိုင်းဝင်ပင်လုံစာချုပ်**

၁၉ ရာစုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ခဲ့သည့်အချိန်၌လည်း "**ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝနှင့်သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေတို့တစ်တွေသည်၊ သေသော်မှတည့်သြော်ကောင်း၏**"ဟူသော သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံး လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ပေသည်။ ထိုရပ်တည်ချက်သည် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ သွေးစည်းညီညွတ်မှုကို သက်သေပြခဲ့ခြင်းပင်ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မကြား ရေကိုသားလျှင်အခြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းစည်းလုံးပေးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသား ကိုယ်စားလှယ်ကြီး ၂၃ ဦးသည်သာတူညီမျှ တစ်လုံးတစ်စည်းတည်း နေထိုင်ကြမည်ဟူသောသန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည်။

**❖ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မကြား ရေကိုသားလျှင် အခြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းစည်းလုံးပေးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ရက် မှစတင်၍ ရှမ်းပြည်နယ် တောင်ပိုင်းပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တစ်လုံးတစ်စည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကိုလက်မှတ်ရေးထိုးခဲ့သည်။❖**

**ပြည်ထောင်စုနေ့**

ထိုကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများကြား ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးအတွက်အားထုတ်သောနေ့ဖြစ်သဖြင့် နှစ်စဉ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ်သတ်မှတ်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့ကို နိုင်ငံတော်အခမ်းအနားအဖြစ် နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ ကျရောက်တော့မည်ဖြစ်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ခဲ့**

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမြို့၌ပြုလုပ်သည့် စော်ဘွားများထမင်းစားပွဲတွင်မြွက်ကြားခဲ့သည့် အချက်များအနက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "**တစ်တိုင်းပြည်လုံးကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်**" ဟု တိုက်တွန်းပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းမှုတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများကြား ပေါင်းစည်းအားဖြင့် ကြိုးပမ်းသွားရေးတို့အတွက် အမြော်အမြင်ကြီးမားစွာတိုက်တွန်းသွားခြင်းသည် လက်ရှိပကတိအခြေအနေနှင့်ကိုက်ညီလျက်ရှိသည်။

**အားလုံးအတွက်ထာဝရငြိမ်းချမ်းရေး**

လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၇ နှစ် ရှိပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ကမ်းလှမ်းခဲ့သည်။ ထိုသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement–NCA) ကိုအောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင်တပ်မတော်အနေဖြင့်NCA လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ရပ်ဆိုင်းပေးခဲ့သည်။ သို့သော် NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO)တချို့သည် NCA ပါ ကတိကဝတ်များကိုလိုက်နာမှုမရှိဘဲ ချိုးဖောက်လျက်ရှိသည်။ နယ်မြေဒေသအသီးသီးတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်လျက်ရှိကြသည်။

ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အေးအတူပူအမျှ တစ်စည်းတစ်လုံးတည်း ပူးပေါင်းနေထိုင်သွားမည်ဆိုသော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် တိုင်းပြည်၏ မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား ကျဉ်းမြောင်းသည့် ဝါဒများနှင့် သံသယများအားချေဖျက်ကာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်သွားနိုင်မည်ဆိုလျှင် အနာဂတ်ကာလတွင် အားလုံးမျှော်လင့်နေသော ထာဝရငြိမ်းချမ်းရေးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မှသာလျှင် ပြည်ထောင်စုကြီး ထာဝစဉ် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

**လက်တွဲကြိုးပမ်းဆောင်ရွက်ရန်လို**

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကိုလေ့လာကြည့်မည်ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခြင်းမရှိသောနိုင်ငံ အချို့သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ သြဇာလွှမ်းမိုးလိုမှုအမျိုးမျိုးကြားတွင် အချင်းချင်းသွေးခွဲကာ ပဋိပက္ခများဖြစ်ပွား၍ အင်အားချည့်နဲ့ ယိမ်းယိုင်ပြိုကွဲသွားကြရသည်ကို တွေ့မြင်နေကြရသည်။ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင်လည်း၊ နိုင်ငံတော်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ တိုင်းပြည်တွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင်လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်းကောင်း ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန်လိုအပ်ပေသည်။ အထူးသဖြင့် တိုင်းရင်းသားညီအစ်ကိုများကြား ထိုပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းနေစေရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်သားအားလုံး၏ ယုံကြည်ချက်၊ ခံယူချက်တစ်ခုအနေဖြင့် မမှိတ်မသုန်စောင့်ထိန်းသွားရန်လည်းလိုအပ်ပါသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို**

စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပသွားရန်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲပေးပိုင်ခွင့်ရှိသူမဲစာရင်းပြုစုနိုင်ရေး ပေးပို့သွားရန်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**တစ်ပြေးညီဖွံ့ဖြိုးရေး**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသော ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကဖြစ်သည့် ပညာတတ်များပေါ်များရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပေသည်။

**ပြည်ထောင်စုစိတ်ဓာတ်နှင့် တည်ငြိမ်အေးချမ်းသောနိုင်ငံ**

"စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏အမူအကျင့်ဖြစ်သည်" ဟု မြန်မာအဘိဓာန်တွင် အကျဉ်းချုပ်ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်ပေသည်။

အတိအကျဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ် လက်မှတ်ရေးထိုးနိုင်မှုကြောင့် မြန်မာတစ်နိုင်ငံလုံးလွှမ်းခြုံသော လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကြီး ကျရောက်တော့မည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား ပင်လုံတွင် သန္ဓေတည်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာလျှင် မဝေးတော့သည့် အနာဂတ်တွင် အားလုံးလိုလားတောင့်တနေသည့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ၇၈ နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

# မော်လိုက်ခရိုင်တွင် မြေပဲ ၁၄၉၃၃ ဧက စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်လျက်ရှိ



မော်လိုက် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် မြေပဲ ၁၄၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၆၃၈ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၃၉၈၉ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၀၉၄၄ ဧက စုစုပေါင်း ၁၄၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၅၆၃၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၄၁၂၂ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၁၅၁၆ ဧက စုစုပေါင်း ၁၅၆၃၈ ဧက ဖြစ်ကြောင်း သိရသည်။

မြေပဲသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်တွေက ဒေသထွက် စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုဖေဖော်ဝါရီလထဲမှာလဲ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ဆန်တွေ အဝယ်လိုက်နေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များကို အဆက်မပြတ် တင်ပို့ ရောင်းချနေခြင်းကြောင့် အရောင်းအဝယ် လုပ်ငန်းရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ငပုတောမြို့နယ် ကျုံကူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ငပုတော ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေတို့ဖြင့် ကျုံကူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖေယျာဇော်မျိုး၊ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ငပုတောမြို့နယ် ကျုံကူးကျေးရွာ၌ အလျား ၁၄ ပေ၊ အနံ ၁၄ ပေ၊အမြင့် ပေ ၃၀ ရှိ အမြင့်တင်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၄ ဒသမ ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၁ သန်း စုစုပေါင်း ငွေကျပ် ၃၂ ဒသမ ၅၉ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံသာ

# တပ်ကုန်းမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေချောင်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဇီးကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၁၆ သိန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

ချိုသန်းညွန့်

# မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ခြောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၈သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၂ ဒသမ ၅သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၂သန်းစုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# အင်ဒိုနီးရှားနိုင်ငံ ဘီမာခရိုင်တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် အရေးပေါ်အခြေအနေ ကြေညာ




ဂျကာတာ ဖေဖော်ဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတန်ဂါရာပြည်နယ် ဘီမာခရိုင်တွင် ယခုသီတင်းပတ် အစောပိုင်းရက်များက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများကြောင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင် အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတန်ဂါရာ ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် ဘီမာခရိုင်တွင် ရက်တရက် ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီးနောက် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့ပြီး အဆိုပါ ကြေညာချက်သည် ဖေဖော်ဝါရီ ၄ ရက်မှ ၁၇ ရက်ထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေသောဒေသများအတွင်းရှိ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ထိခိုက်ခံစားခဲ့ရသောမိသားစုများအတွက် အကူအညီပေးခြင်းများ အရှိန်မြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် ဘီမာခရိုင်တွင် လတ်တလောဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများအပေါ် အခြေခံပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံခန့်ခွဲမှုများကို ဦးစားပေးလုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း ခရိုင်အုပ်ချုပ်ရေးဌာနမှပြည်သူ့ဆက်ဆံရေးဌာန အကြီးအကဲဖြစ်သူ ဆိုင်ရူရာဒင်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : AZH

# ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပလတ်စတစ်အမှိုက်ကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုကို ပူးပေါင်းဖြေရှင်းရန်ကတိပြု

ဖနွမ်းပင် ဖေဖော်ဝါရီ ၅

အာဆီယံဒေသအတွင်း ပလတ်စတစ်အမှိုက်ကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဖြေရှင်းရန် ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ဖေဖော်ဝါရီ ၃ ရက်တွင် ကတိပြုခဲ့ကြကြောင်း ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို ကိုးကား၍ ဖေဖော်ဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အာဆီယံဒေသတွင်း ပလတ်စတစ်အမှိုက်ကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုကို ပူးပေါင်းဖြေရှင်းရန် ကမ္ဘောဒီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အင်းဆိုဖာလက်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး အွန်ရှာဟာရူဒင်တို့သည် ကမ္ဘောဒီးယားနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ဖေဖော်ဝါရီ ၃ ရက်က တွေ့ဆုံစဉ် ကတိပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုက အာဆီယံဒေသတွင်း သန့်ရှင်းသာယာလှပရေး၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါအမျိုးမျိုးလျှော့ချရေးနဲ့ အထူးသဖြင့် ဒေသတွင်းနိုင်ငံတွေနဲ့ ချိတ်ဆက်ထားတဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းတွေကို ဆွဲဆောင်သွားနိုင်မှာဖြစ်ပါတယ်"ဟု အင်းဆိုဖာလက်က ပြောကြားခဲ့သည်။

ပလတ်စတစ်အိတ်အသုံးပြုမှုကို လျှော့ချရန်နှင့် ပလတ်စတစ်အမှိုက်များကို ကုန်းမြေပေါ်တွင်သာမက မြစ်များနှင့် ပင်လယ်အတွင်းစွန့်ပစ်မှုကို တားဆီးခြင်းဖြင့် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ကြရန် ကမ္ဘောဒီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အင်းဆိုဖာလက်က တိုက်တွန်းခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မလေးရှား သံအမတ်ကြီးသည် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့်အတူ သဘာဝပတ်ဝန်းကျင်ကဏ္ဍကိုမြှင့်တင်ကာ ဒေသတွင်းသန့်ရှင်းစိမ်းလန်းပြီး ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်သို့ဦးတည်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

Ref : Russia Today
Trs : AZH

# နိုင်ဂျီးရီးယားနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် ရေနံယိုဖိတ်မှုဖြစ်ပွားပြီး ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

အဘူဂျာ ဖေဖော်ဝါရီ ၅

နိုင်ဂျီးရီးယားနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖေဖော်ဝါရီ ၄ ရက်က ရေနံယိုဖိတ်မှုဖြစ်ပွားပြီး ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း Youths and Environmental Advocacy Centre (YEAC-Nigeria)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိကစီးပွားရေးမှာ ရေနံတူးဖော်ရေးဖြစ်ပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် Shell ကုမ္ပဏီက နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံတူးဖော်ရေး လုပ်ကွက်အများအပြားကို လုပ်ပိုင်ခွင့်ရရှိထားကြောင်း၊ ဟာကုတ်ဆိပ်ကမ်းအနီးရှိ အိုဂါလီဧရိယာတွင် သွယ်တန်းထားသော ရေနံပိုက်လိုင်းတွင် ရေနံစီးဆင်းမှုသတ်မှတ်ပမာဏထက် များပြားသွားခြင်းကြောင့် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ရေဧရိယာများအတွင်းသို့ ရေနံစိမ့်ဝင်စီးဆင်းမှုဖြစ်ပေါ်ကာ ရေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"အိုဂါလီဧရိယာအနီးမှာ ဖြစ်ပေါ်နေတဲ့ ရေနံယိုဖိတ်မှုကို အမြန်ဆုံးရှင်းလင်းပေးသွားဖို့ တာဝန်ရှိသူတွေကို တောင်းဆိုပါတယ်။ Shell ကုမ္ပဏီက အဓိက တာဝန်ရှိတဲ့အတွက် ဒီပြဿနာကို Shell ကုမ္ပဏီအနေနဲ့ အမြန်ဆုံးဖြေရှင်းပေးဖို့ မျှော်လင့်ပါတယ်"ဟု Youths and Environmental Advocacy Centre (YEAC-Nigeria)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။



ရေနံယိုဖိတ်မှုကြောင့် နိုင်ဂျီးရီးယား မြစ်ဝကျွန်းပေါ်ဒေသရှိ ရေဧရိယာတွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်ပြီး ရေနံယိုဖိတ်မှုဖြစ်ပေါ်နေသောဧရိယာတွင် သွယ်တန်းထားသည့် ရေနံပိုက်လိုင်း အမြောက်အမြားရှိနေသည့်အတွက် အဖြေရှာရန်ခက်ခဲနေကြောင်း၊ ရေနံယိုဖိတ်မှုနေရာကိုသိရှိမှသာ ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆန်တိုရီနီကျွန်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်

အေသင် ဖေဖော်ဝါရီ ၅

ဂရိနိုင်ငံ ဆန်တိုရီနီကျွန်းတွင် ဖေဖော်ဝါရီ ၂ ရက်က အသေးစားငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ကာ ပြီးခဲ့သော ၄၈ နာရီအတွင်း အသေးစားငလျင်လှိုင်းများ ဆက်တိုက်လှုပ်ခတ်မှု ဖြစ်ပေါ်နေသည့်အတွက် ဖေဖော်ဝါရီ ၄ ရက်တွင် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဂရိနိုင်ငံ Ministry of Climate Crisis and Civil Protection ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆန်တိုရီနီကျွန်းတွင် ပြီးခဲ့သော ၄၈ နာရီအတွင်း လှုပ်ခတ်သည့်ငလျင်အကြိမ်ရေ ၃၀၀ ကျော်ခဲ့ပြီး ငါးမိနစ်ခြား တစ်ကြိမ်ခန့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၃ ရက်မှစ၍ ငလျင်လှိုင်းများကြောင့် ဆန်တိုရီနီကျွန်းတွင် စာသင်ကျောင်းများကို ယာယီပိတ်ထားပြီး အဆောက်အအုံများအတွင်း လူစုလူဝေးများ မပြုလုပ်ရန်လည်း ဂရိဝန်ကြီးချုပ်ကိုင်ရီယာကို့စ်က သတိပေးချက်ထုတ်ပြန်ထားသည်။

"ဆန်တိုရီနီကျွန်းမှာ ငလျင်တွေ အဆက်မပြတ်လှုပ်ခတ်မှုဖြစ်ပွားနေပါတယ်။ ငလျင်တွေဟာ ငါးမိနစ်တစ်ကြိမ်လောက် လှုပ်ခတ်နေတယ်။ အန္တရာယ်ရှိတဲ့ စာသင်ကျောင်းတွေ၊ ရုံးတွေအားလုံးကို ယာယီပိတ်ထားပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု Ministry of Climate Crisis and Civil Protection ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုသည် မည်သည့်ကာလထိ လှုပ်ခတ်နေမည်ကို မသိရသေးသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သကဲ့သို့ ကြီးမားသော ပျက်စီးဆုံးရှုံးမှုလည်းမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# လော့စ်အိန်ဂျလိစ်တောမီးငြိမ်းသတ်ရေးတွင် ပါဝင်ကူညီပေးခဲ့သည့် ကနေဒါမီးသတ်တပ်ဖွဲ့ဝင်များ နေရပ်သို့ ပြန်လည်ထွက်ခွာ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် လောင်ကျွမ်းခဲ့သည့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်အတွက် ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးကိုစေလွှတ်ပေးခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်က တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သဖြင့် ဗြိတိသျှကိုလံဘီယာပြည်နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၄ ရက်တွင် ကနေဒါနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ပထမအသုတ်အဖြစ် နည်းပညာကျွမ်းကျင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးကို ဇန်နဝါရီ ၁၁ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့သို့ စေလွှတ်ပေးခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦးကို ထပ်မံစေလွှတ်ပေးခဲ့ကြောင်း၊ ပထမအကြိမ်စေလွှတ်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးသည် မီးသတ်စက်ယန္တရားများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် ပညာရှင်များဖြစ်ပြီး ဒုတိယအသုတ်စေလွှတ်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များမှာ ရှေ့တန်းတွင် မီးငြိမ်းသတ်ရေးတာဝန်ထမ်းဆောင်ရန်အတွက် စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လော့စ်အိန်ဂျလိစ် တောမီးကို ကူညီငြိမ်းသတ်ပေးခဲ့တဲ့ ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်က မီးသတ်တပ်ဖွဲ့ဝင်တွေ ကနေဒါနိုင်ငံကို ပြန်လည်ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံပီသစွာ ကူညီပေးခဲ့တဲ့ ကနေဒါမီးသတ်တပ်ဖွဲ့ဝင်တွေကို အထူးပင် ကျေးဇူးတင်ရှိပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ငါးမုတ်ငါး၏သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)

မြန်မာနိုင်ငံရှိအရသာကောင်းသောရေငန်ငါးများတွင် ငါးမုတ်ဖြူနှင့် ငါးမုတ်မည်းလည်းပါဝင်သည်။ ငါးမုတ်ကို ရခိုင်ကမ်းခြေနှင့် တနင်္သာရီကမ်းခြေတို့၌ အများအပြားဖမ်းဆီးရမိသည်။ ငါးမုတ်သည် မျိုးရင်း Stromateidae အုပ်စုတွင်ပါဝင်ပြီး မျိုးစိတ်အားဖြင့် ၂၀ ခန့်ရှိရာ ငါးမုတ်ဖြူ သို့မဟုတ် ငွေရောင်ငါးမုတ်နှင့် ငါးမုတ်မည်းနှစ်မျိုးစလုံးသည် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် အများဆုံးတွေ့ရှိရသည်။ ငါးမုတ်သည် အရွယ်ငယ်ပြီး ကိုယ်ခန္ဓာပြားသော ငါးမျိုးဖြစ်သည်။ ငါးမုတ်သည် အင်ဒိုအနောက်ပစိဖိတ်ဒေသ ပါရှန်းပင်လယ်ကွေ့မှ အင်ဒိုနီးရှားထိ၊ ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးဒေသထိပျံ့နှံ့ရောက်ရှိသည်။ ငါးမုတ်မျိုးများတွင် အထီးများမှာ အမထက် ဦးစွာအရွယ်ရောက်ကြ၍ အရွယ်အစားအားဖြင့် အရွယ်ရောက်မှုမှာ ၂၂ စင်တီမီတာမှ ၂၆ စင်တီမီတာခန့်နှင့် အမများမှာ ၁၈ စင်တီမီတာမှ ၂၅ စင်တီမီတာထိရှိတတ်သည်။ ငါးမုတ်ကို အရွယ်အစားအကြီးဆုံး စင်တီမီတာ ၆၀ ထိတွေ့ရပြီး အများဆုံးတွေ့ရှိရသည့် ငါးမုတ်များ၏အရွယ်အစားမှာ စင်တီမီတာ ၃၀ ခန့်ဖြစ်သည်။ သက်တမ်းမှာ ခုနစ်နှစ်ခန့်ထိရှိပြီး ခန္ဓာကိုယ်ပြား၍လုံးဝန်းသည်။ ခန္ဓာကိုယ်၏အပေါ်ဘက်ပိုင်းတွင် မီးခိုးရောင်သန်းပြီး အောက်ဘက်တွင် ငွေရောင်သန်းကာ ဝမ်းဗိုက်ဘက်တွင် အဖြူရောင်ဖြစ်သည်။

ငါးမုတ်များကို ရေချိုရေငန်စပ်ရှိရာ ကမ်းနီးဒေသ ရွှံ့နွံပေါသည့် နေရာမျိုးတွင်အုပ်စုလိုက် တွေ့ရလေ့ရှိသည်။ အရွယ်ရောက်ပြီး ငါးမုတ်များသည် အကောင်မျှောလေ့များ၊ ရေခူငယ်များကိုစားသုံးကြပြီး နွေဦးပေါက်ရာသီ ဧပြီ၊ မေလများတွင် မိတ်လိုက်ကြသည်။ သားပေါက်ရာသီမှာ ဧပြီလမှ စက်တင်ဘာလထိဖြစ်ပြီး မေ၊ ဇွန်၊ ဇူလိုင်လများသည် သားပေါက်အကောင်းဆုံးလများဖြစ်သည်။ ငါးမုတ်အမတစ်ကောင်လျှင် ပျမ်းမျှဥအလုံးရေ ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့်ထိ ဥချလေ့ရှိသည်။ သားပေါက်သည့်ရာသီတွင် ရေအပူချိန်မှာ ပျမ်းမျှ ၂၈ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ်ရှိပြီး ရေအငန်နှုန်းမှာ ၃၀ ပီပီတီမှ ၃၅ ပီပီတီရှိသည်။ ငါးမုတ်ဖြူသည် ဈေးကောင်းရသည့် တန်ဖိုးကြီးငါးဖြစ်သဖြင့် အလွန်အကျွံဖမ်းဆီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ဂေဟဗေဒစနစ်များ ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ဖမ်းဆီးရရှိမှု လျော့နည်းကျဆင်းလာသည်။

**ငါးမုတ်ဖြူ**

ငါးမုတ်ဖြူသည် ငါးမုတ်မည်းထက် အရသာပိုမိုကောင်းမွန်ပြီး ရခိုင်ဒေသတွင် ငါးယုဇနဟူ၍လည်းကောင်း၊ တနင်္သာရီဒေသတွင် ငါးမုတ်ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ငါးမုတ်ဖြူကို အင်္ဂလိပ်အမည်အားဖြင့် White Pomfret ခေါ် Silver Pomfret ဟုခေါ်ဆိုကြသည်။

ငါးမုတ်ဖြူသည် ကမ်းနီးတွင် ကျက်စားနေနိုင်ပြီး ရွှံ့နွံထူသောပင်လယ်ကြမ်းပြင်တွင် အုပ်စုလိုက်နေထိုင်သည်။ အကောင်မျှောလေ့များကို စားသောက်လေ့ရှိပြီး အရေးပါသောဈေးကွက်ဝင်ငါးမျိုးစိတ်ဖြစ်သည်။ ဒေသတွင်းဈေးကွက်တွင် လတ်လတ်ဆတ်ဆတ်ရောင်းချခြင်းဖြင့် စီးပွားရေးအရအရေးပါသည်။ ငါးမုတ်ဖြူ၏ ကိုယ်ထည်သည် ခိုင်မာသည့်ပုံစံဖြစ်ပြီး ဘဲဥပုံစံရှိသည်။ ငါးမုတ်ဖြူသည် ပါးဟက်မရှိပါ။ တိုနေသော ပါးဟက်ဖုံးရှိပြီး ပါးဟက်အက်ကွဲကြောင်းသည် ကိုယ်ထည်ဘေးဘက်တွင်ရှိသည်။ ကျောရေယက်နှင့် အမြီးရေယက်သည် အနည်းငယ် ရှေ့နောက်ရောက်နေသည်။ အမြီးရေယက်သည် ခရင်းခွပုံစံထင်ရှားစွာရှိနေသည်။ အမြီး၏အောက်အဝိုက်သည် အပေါ်အဝိုက်ထက် အနည်းငယ်ပိုကြီးသည်။ ကျောဘက်အရောင်သည် မီးခိုးရောင်ရှိပြီး ဝမ်းဗိုက်သည် အဖြူရောင်ဖြစ်သည်။ အဖြူရောင်အစက်သေးများ ကိုယ်ပေါ်တွင်ပါရှိသည်။ ရေယက်များသည် အဝါရောင်ဖျော့ဖျော့ပါရှိသည်။ ငါးမုတ်ဖြူကို လတ်ဆတ်စွာကြော်စားခြင်း၊ ချက်စားခြင်းဖြင့် ပရိုတင်းဓာတ်ပြည့်ဝစွာရရှိပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေသည်။

**ငါးမုတ်မည်း**

ငါးမုတ်မည်းကို တနင်္သာရီဒေသတွင် ငါးမုတ်ဖြူဟူ၍ပင် ခေါ်ဆိုသည်။ ရခိုင်တွင်မူ ယုဇနသမ္ဘူဟူ၍ ခေါ်ကြသည်။ ငါးမုတ်မည်းကို အင်္ဂလိပ်လို Black Pomfret ခေါ် Indian Butter Fish ဟုခေါ်ဆိုကြပြီး ငါးမုတ်ဖြူနှင့်အသွင်ချင်းတူကာ အရောင်သာလျှင်



ကွဲပြားလေသည်။ ငါးမုတ်မည်း၏အရောင်မှာ အညိုရင့်ရောင် သို့မဟုတ် မွဲပြာရင့်ရောင်ဖြစ်သည်။ ဆူးတောင်များ၏ အရောင်မှာအညိုရောင်ဖြစ်သည်။ အမြီး၏အရောင်သည် ဝါ၍ အညိုရောင်ကန့်လန့်စင်းသုံးကြောင်းရှိသည်။ ငါးမုတ်မည်းသည် ငါးမုတ်ဖြူကဲ့သို့ အရသာကောင်းမွန်ခြင်းမရှိချေ။ ငါးမုတ်မည်းကို ရေငန်နှင့်ရေချိုရေငန်စပ်နေရာများတွင် တွေ့ရှိရသည်။ မြန်မာနိုင်ငံအပါအဝင် အင်ဒိုပစိဖိတ်ဒေသနှင့် ဂျပန်နိုင်ငံမြောက်ပိုင်းဒေသတို့တွင်လည်း တွေ့ရှိနိုင်သည်။ ရာသီအလိုက်တွေ့ရှိရပြီး မြစ်ဝကျယ်များတွင်လည်း ဝင်ရောက်သွားလာနေထိုင်သည်။

ငါးမုတ်မည်း၏ နေထိုင်မှုအလေ့အထနှင့် စားသောက်မှုပုံစံသည် ငါးမုတ်ဖြူနှင့်ဆင်တူသည်။ အကြီးမားဆုံးသောအရွယ်အစားမှာ စင်တီမီတာ ၄၀ ရှိပြီး အများဆုံးတွေ့ရသည့် အရွယ်အစားမှာ စင်တီမီတာ ၂၀ ဖြစ်သည်။ ကိုယ်ထည်ကို Cycloid အရွယ်အစား အရွယ်သေးသေးဖြင့် ဖုံးထားသည်။ အာရုံခံနိုင်သောဘေးဘက်မျဉ်းသည် မြင့်မားသည့်ပုံစံဖြစ်သည်။ ငါးမုတ်ဖြူနှင့် ငါးမုတ်မည်းသည် ဈေးကွက်ဝင်ငါးအမျိုးအစားတွင်ပါဝင်သည်။

**ငါးမုတ်စားဖွယ်စုံ**

ငါးမုတ်ကို အကြွပ်ကြော်စားခြင်း၊ အချိုပေါင်းစားခြင်း၊ တန်ပူရာကြော်၊ ငါးမုတ်ပဲငါးပိကြော်၊ ငါးမုတ်သောက်ဆမ်း၊ ငါးမုတ်သံပရာပေါင်း၊ ငါးမုတ်အချဉ်ဆီပြန်၊ ငါးမုတ်ကြပ်တိုက်၊ ဘာဘီကျူး စသည်ဖြင့်စားသုံးကြပြီး ငါးမုတ်ဖြူသည် ထောပတ်ရနံ့သင်း၍ နူးညံ့သောအသားရှိသဖြင့် လူအများပိုမိုကြိုက်နှစ်သက်ကြသည်။ ငါးမုတ်သည် အာဟာရဓာတ်နှင့် သတ္တုဓာတ် များစွာပါဝင်သည့်အပြင် အိုမီဂါ-၃နှင့် ဗီတာမင်-ဒီ များစွာပါဝင်သောကြောင့် နှလုံးရောဂါနှင့်သိုင်းရွိုက်ဂရင်းရောဂါဖြစ်ပွားနိုင်ခြေကိုလျော့ချပေး၍ ကျန်းမာရေးအတွက် အထူးပင်ကောင်းမွန်သော ပင်လယ်စာငါးတစ်မျိုးဖြစ်ပြီး စီးပွားရေးအရအရေးပါသော တန်ဖိုးမြင့်ငါးဖြစ်သည်။ ငါးမုတ်မှာ အလယ်ရိုးတစ်ရိုးသာပါပြီး ကြော်စားပါက ချိုသောအရသာရှိသည်။ အသားများပြီး နူးညံ့မှုရှိသည်။ သေးငယ်သော အကြေးခွံများပါရှိပြီး အရိုးနည်းသဖြင့် အရိုးစူးမှာလည်းမပူရပေ။

**ငါးမုတ်ငါးနှင့်ကျန်းမာရေး**

အိုမီဂါ-၃ သည် ပင်လယ်ငါးဖြစ်သောငါးမုတ်များတွင်ပါရှိသော ဖက်တီးအက်စစ်တစ်မျိုးဖြစ်သည်။ အိုမီဂါ-၃သည် နှလုံး၊ ဦးနှောက်နှင့်ကြွက်သားများကို ကျန်းမာစေသည်။ နှစ်ပေါင်းများစွာကတည်းက သိပ္ပံပညာရှင်များက အိုမီဂါ-၃ သည် လူသားတို့၏ကျန်းမာရေးကိုအထောက်အကူပြုကြောင်း လေ့လာဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ အိုမီဂါဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်မှ ဤအိုမီဂါဓာတ်ကို မထုတ်လုပ်နိုင်ဘဲ စားသောက်သောအစားအစာများမှသာ ရရှိနိုင်သည်။ ပင်လယ်ငါးဖြစ်သော ငါးမုတ်မှရရှိသော Eicosapentaenoic acid(EPA)၊ Docosahexaenoic acid ( DHA) ဓာတ်များနှင့် အပင်များမှရရှိသော Alpha-linolenic acid ( ALA ) ဓာတ်များသည် လူသားများအတွက် အလွန်အရေးပါသောဓာတ်များဖြစ်ကြ၏။ ၎င်းဓာတ်တို့သည် လူ့ကိုယ်ခန္ဓာရှိဆဲလ်များ၏ ပတ်ပတ်လည်တွင်ရှိသော အမြှေးပါးကို ဖြစ်တည်စေသည်။ ထိုအမြှေးပါးများက ဆဲလ်များထဲသို့ မည်သည့်အရာမဆို ဝင်ရောက်ခြင်း၊ ထွက်သွားခြင်း၊ ဆဲလ်တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းတို့ကို ထိန်းချုပ်ပေးသည်။ အိုမီဂါ-၃ ကြွယ်ဝနေသောဆဲလ်များသည် အရည်ဓာတ်ပိုများပြီး မှန်ကန်စွာ အလုပ်လုပ်နိုင်စွမ်းပိုရှိသည်။ ထို့ပြင် အိုမီဂါ-၃ ဖက်တီးအက်စစ်သည် Eicosanoid ဟုခေါ်သည့် ဟော်မုန်းများ ထုတ်လုပ်ခြင်းကို သင့်လျော်အောင် ထိန်းညှိပေးသည်။ အိုမီဂါ-၃ သည် ရောင်ရမ်းခြင်း၊ သွေးကြောပိတ်ဆို့ခြင်းတို့ကို လျော့ကျစေသည်။ သိပ္ပံပညာရှင်များက အိုမီဂါ-၃ သည် နှလုံးရောဂါအတွက် များစွာအရေးပါကြောင်း လေ့လာသိရှိခဲ့ကြသည်။ အိုမီဂါ-၃ သည် သွေးကြောများထဲတွင် သွေးကြောပိတ်ဆို့မှုကို လျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေသည်။ အကယ်၍ နှလုံးရောဂါဖြစ်ခဲ့လျှင် သေဆုံးနိုင်ခြေကို နည်းပါးစေသည်။ အိုမီဂါ-၃ သည် နှလုံးသွေးကြောများထဲတွင် သွေးကြောပိတ်ဆို့မှုကိုဖြစ်စေသည့် အဆီဓာတ်ကို လျော့ကျစေပြီး မူမမှန်သော နှလုံးခုန်နှုန်းကို လျော့ကျစေသည်။ ထို့ပြင် မြင့်တက်နေသော သွေးပေါင်ချိန်ကိုလည်း လျော့ကျစေသည်။ အိုမီဂါ-၃ သည် အဆစ်အမျက် ရောင်ရမ်းကိုက်ခဲခြင်းရောဂါများကို သက်သာစေသည်။ နို့စို့ကလေးငယ်များအတွက် DHA ဓာတ်အရင်းအမြစ်ဖြစ်သည့် မိခင်နို့ရည်မှလွဲ၍ ဦးနှောက်ကို ဖွံ့ဖြိုးစေသောဓာတ်မှာ အိုမီဂါ-၃ ပဲဖြစ်သည်။

အခြားလေ့လာစမ်းသပ်မှုများအရ အိုမီဂါ-၃ သည် စိတ်ကျရောဂါဖြစ်ခြင်းကို လျော့နည်းသက်သာစေပြီး ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသောဓာတ်မျိုးဖြစ်သည်။ ကြွက်သားများ ပင်ပန်းနွမ်းနယ်ခြင်းကို သက်သာလျော့ပါးစေသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ကြသည်။ လေ့လာစမ်းသပ်မှုများအရ အစားအစာထဲတွင် အိုမီဂါ-၃ ဓာတ်ကြွယ်ဝနေခြင်းသည် ကိုယ်အင်္ဂါအစားထိုးကုသခံရသည့် လူနာများအတွက် အထောက်အကူပြုစေပြီး ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာရောဂါများဖြစ်ပွားမှုကို နည်းပါးစေသည်။ လက်ရှိကာလတွင် ရင်ကျပ်ရောဂါ၊ စိတ်ကျရောဂါ၊ အမျိုးသမီးများ ရာသီလာနေစဉ် ကိုက်ခဲခြင်း၊ နှင်းခူ၊ အတက်ရောဂါ၊ လေဖြတ်ခြင်းနှင့် အူမကြီးတွင် အနာဖြစ်ခြင်း စသည့်ရောဂါများကို မည်မျှထိ အကျိုးသက်ရောက်မှုကောင်းစေသည်ကို ရှာဖွေလေ့လာနေဆဲဖြစ်သည်။ ကျွမ်းကျင်သူပညာရှင်များက ယောကျ်ားတစ်ဦးလျှင် တစ်နေ့ကို EPA ဓာတ်နှင့် DHA ဓာတ် မီလီဂရမ် ၆၁၀ စားသုံးသင့်ပြီး အမျိုးသမီးတစ်ဦးလျှင် တစ်နေ့ကို မီလီဂရမ် ၄၃၀ စားသုံးသင့်သည်ဟုဆိုသည်။ ထိုပမာဏများသည် ဖက်တီးအက်စစ်ကြွယ်ဝနေသော ငါးများဖြစ်သည့် ဆယ်မွန်၊ ငါးသလောက်အုပ်စုဝင်ငါး၊ ငါးကွမ်းရှပ်၊ ဆာဒင်း (ငါးသေတ္တာငါး)၊ ငါးမုတ်နှင့် ငါးနီတူများကို တစ်ပတ်လျှင် နှစ်ကြိမ်စားသုံးခြင်းဖြင့် ရရှိသော ပမာဏနှင့်ညီသည်။ နှလုံးရောဂါရှင်များသည် ငါးမုတ်အပါအဝင် ပင်လယ်ငါးမှရရှိသော အိုမီဂါ-၃ ဓာတ်ပိုမိုလိုအပ်သည်။ နှလုံးရောဂါရှင်များသည် တစ်နေ့လျှင် အိုမီဂါ-၃ ဓာတ် တစ်ဂရမ်စားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးခြင်းမှ ၂၅ ရာခိုင်နှုန်းလျော့နည်းနိုင်သည်ဟု လေ့လာမှုတစ်ခုကဆိုသည်။ ဆာဒင်း၊ ဆယ်မွန်၊ မက်ကရယ်၊ ငါးသလောက် အုပ်စုဝင်ငါးတို့ကဲ့သို့သော ပင်လယ်ငါးများစားသုံးခြင်းမှ EPA ဓာတ်နှင့် DHA ဓာတ်များကို ရရှိစေသည်။

ဆီးချို၊ သွေးချိုရောဂါဝေဒနာသည်များနှင့် သွေးထွက်လွန်သော ဝေဒနာရှင်များမှာ အိုမီဂါ-၃ စားသုံးမှုကို ဆရာဝန်နှင့်တိုင်ပင်သင့်သည်ဟုဆိုသည်။ အိုမီဂါ-၃ ဓာတ်သည် သွေးထဲမှ သကြားဓာတ်ကိုတိုးစေပြီး သွေးကြောပိတ်ဆို့ခြင်းကို လျော့နည်းစေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပင်လယ်ငါးအမျိုးအစားဖြစ်သော ငါးမုတ်ဖြူနှင့် ငါးမုတ်မည်းသည် ချို၍ လူကြိုက်များပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်ထိပါ နေရာရနေသော ငါးတစ်မျိုးဖြစ်သည်။ ထို့ပြင် ငါးမုတ်သည် အရသာချို၍ကောင်းမွန်ရုံသာမက အာဟာရဓာတ်လည်း စုံလင်စွာပါရှိသဖြင့် စားပေးသင့်သော ပင်လယ်ငါး တစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၄)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၃)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

ဖုန်းဘေလ်နှင့်ထီကံစမ်းထားသူများအတွက်
ထီဆုငွေထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery

Application ကနေတဆင့် ဖုန်းဘေလ်နှင့်ဝယ်ယူသူများ
ထီဆုငွေလက်ခံမည့် အကောင့်တွင် မိမိ၏ eWallet အကောင့်
နှင့် ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။

777 Call Center

SCAN ME

*117# ကနေတဆင့် ဝယ်ယူသူများ *117*5# ကိုခေါ်ဆိုပြီး
ထီဆုငွေလက်ခံမည့် မိမိ၏ eWallet အကောင့်နှင့်
ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။

Dismiss Reply

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၃)၊ ဦးပိုင်အမှတ် (၅၃)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ အာရ်စီ (၄)ထပ် အဆောက်အဦး၏ မြောက်ဘက်ခြမ်း မှန်ခန်း(၁၇x၄၈)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်များ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော **၁။ဦးစိန်ဝင်း (ခ) ဦးဇော်လှိုင်** (ဘ) ဦးလှမြင့်၊ (၁၂/ကမန(နိုင်)၀၉၇၁၆၈)**နှင့် ဖြိုးသီတာထွေး** (ဘ) ဦးတင်ညွန့်(၅/စကန(နိုင်) ၀၀၅၄၁၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေ x ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၁၂ ဧက စိုက်ပျိုးပြီးစီး



**ချောင်းဦး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး၂၀၂၄ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲကြီး ၁၂၀၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြို့သစ်မြို့နယ် ငကျောင့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ငကျောင့်ကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငကျောင့်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**







## ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး(စတုတ္ထ)အကြိမ်မြောက် မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသအာဂုံဆောင်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲနှင့် (ဒသမ)အကြိမ်မြောက် စတုဒီသာ နှမ်းမနဲ့ညှော်ခံကျွေးမွေးပွဲကို ၁၃၈၆ ခု တပိုတွဲလပြည့် (၁၂-၂-၂၀၂၅) ရက် ဗုဒ္ဓဟူးနေ့တွင် ညှော်ခံမည်ဖြစ်ပါ၍ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအားလုံး ကြွရောက်သုံးဆောင်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
ဝေရောစနကျောက်စိမ်းစေတီတော်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အ.ထ.က(၁၀) Grade-4 မှ ကျောင်းဝင်အမှတ်(၀၀၅၇) မောင်လှိုင်မင်းဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်(၉/အမဇ(နိုင်)၀၀၇၀၈၉)ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်(၉/အမဇ(နိုင်)၀၀၇၀၈၉)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (ခ-၉)၊ မဟာမြိုင်(၁)နေ ဦးကျော်ခိုင်၏သမီး မမိုးမိုးခိုင် (ခ) ဒေါ်ပညာထေရီ (၉/မရမ(နိုင်)၀၇၈၈၆၉)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မမိုးမိုးခိုင် (ခ) ဒေါ်ပညာထေရီ

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(၅) တောင်မြင့်ရပ်ကွက်နေ ဦးဇော်မိုးထွန်း (ဘ) ဦးရ (၉/ပကခ(နိုင်)၀၆၃၀၀၁)၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၈၉၉၃၁၆၃

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)နေ ဒေါ်စန္ဒာငွေး (ဘ) ဦးချောက်ရှူး(၉/မကန(နိုင်)၁၆၅၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-466361)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၈၈၈၀၃၃၇၃

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ လမ်း ၆၀ မြို့သစ်၊ ၁၀၈ x ၁၀၉ လမ်းကြားနေ ဦးထွန်းလင်း (ဘ) ဦးကျန်ကျားတဲ့ (၁၃/လရန(နိုင်)၀၈၁၅၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၆၅၁၉၇၆၅၅




## ဗိုလ်ကြီးဒေါ်ခင်စန်း(ငြိမ်း)
## အသက် (၇၉)နှစ်
## N-257၊ စစ်သူနာပြုအမှတ်စဉ်(၅)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ(ဦးကျော်ညွှန့်) + (ဒေါ်နှင်းအေး)တို့၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆင်ဝင်ကျေးရွာနေ(ဦးဖိုးညွှင်း)+(ဒေါ်ဖွားရှင်)တို့၏ချွေးမ၊(ဗိုလ်မှူးကြီးသန်းအောင်)၏ဇနီး ဗိုလ်မှူး စိုးမင်းအောင်(ငြိမ်း)+ဒေါ်နှင်းပွင့်ဝေ၊ ဗိုလ်ကြီးသန်းဝင့်အောင်(ငြိမ်း)+ဒေါ်မြသဇင်၊ ဗိုလ်ကြီးတင်အောင်လင်း(ငြိမ်း)+ဒေါ်စုအောင်တို့၏မိခင်၊ မောင်ရှင်းသုတလင်း၏အဖွား

**ဗိုလ်ကြီးဒေါ်ခင်စန်း(ငြိမ်း) အသက် (၇၉)နှစ်**

သည် ၂-၂-၂၀၂၅ ရက်နေ့၊ နံနက်(၀၀:၂၀)နာရီအချိန်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား ၃-၂-၂၀၂၅ ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် နေပြည်တော်စစ်သင်္ချိုင်း၌ မီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...

❖ ၎င်းတို့ ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် စာမျက်နှာ ၂၂ ကော်လံ ၁ ☆

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ- ၂၁

မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်၌ UNESCO သို့ တင်သွင်းမည် စာမျက်နှာ- ၁၉

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြိုမန္တလေးပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၆ မျိုး ပါဝင်ယှဉ်ပြိုင်မည် စာမျက်နှာ- ၂၂

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု